# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ တနင်္လာနေ့ အတွဲ (၆၅)၊ အမှတ်(၀၅၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ပင်မဆောင် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၃

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)သို့ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ရှေ့ဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့ ဖတ်စရာ**


**ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတား** — ဆောင်းပါး — စာ ၈

**ကဖွားဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း** — ပြည်တွင်းသတင်း — စာ ၁၃

**ဟန်နိုင်းမြို့၌ နိုင်ငံတကာ အစားအစာယဉ်ကျေးမှုပွဲတော်ကျင်းပ** — နိုင်ငံတကာသတင်း — စာ ၁၄


**ထူးခြားသည့် ညအပူချိန်များ** (၂၃-၁၁-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါးမြို့ | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

○ *ရှေ့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ပင်မဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပင်မအဆောက်အအုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ ကျောင်းသား ကျောင်းသူလေးများက စိုက်ပျိုးရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအထိမ်းအမှတ်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတစ်ခုလုံးအတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်အခမ်းအနားဖြစ်သကဲ့သို့ စတင်တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားရေးဆရာဆရာမများအတွက်လည်း သမိုင်းမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်မည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း။

◆ **စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ကြစေရန်ပင်ဖြစ်**

စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်း ပြည့်ဝသည့် စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ကြစေရန်ပင်ဖြစ်ကြောင်း။

**ဦးတည်ချက်ထားရှိ**

ထို့အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် စိုက်ပျိုးရေးပညာရှင်များ၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုသာမက သုတေသနအခြေပြု တက္ကသိုလ်တစ်ခု (Research Oriented University) အဖြစ် တိုးမြှင့်ဖြစ်ပေါ်လာစေရန်ကိုလည်း မျှော်မှန်းဦးတည်ချက်ထားရှိကြောင်း၊ ယခုတက္ကသိုလ်မှ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်မည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာကို ကြည့်ပါကလည်း ဖွံ့ဖြိုးပြီး နိုင်ငံများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံပြီး စီးပွားရေးတိုးတက်အောင် စွမ်းဆောင်ခဲ့ရာမှ စက်မှုနိုင်ငံအထိ တည်ထောင်နိုင်ကြခြင်းဖြစ်ကြောင်း၊ အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး စားရေရိက္ခာဖူလုံအောင်၊ ပိုလျှံအောင် လုပ်ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်ကို ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကြွယ်ဝသည့် ရေမြေသဘာဝအရင်းအမြစ်များနှင့် ရာသီဥတုကောင်းမွန်မှုကိုအရင်းပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်စေရန်နှင့်

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

*စာမျက်နှာ ၃ မှ*

အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) ၏၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများဖြစ်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေအမြောက်အမြားရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ဂေဟာစနစ်မျိုးစုံရှိခြင်း၊ ရေချိုအရင်းအမြစ် ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာဖူလုံသည်သာမက ပိုလျှံသည့် လယ်ယာသားငါးထွက်ကုန်များကို ပြည်ပကို တင်ပို့လျက်ရှိကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ **"စပါးကျီ"** အဖြစ် သမိုင်းအစဉ်အလာကြီးသည့် ဒေသဖြစ်ကြောင်း၊ ယခုလို စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို ဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဟု ယုံကြည်ကြောင်း။

ယခင်က မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်ပြီး အလားတူ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သည်လည်း တစ်ခုတည်းသောတက္ကသိုလ်အဖြစ် ရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် တစ်နှစ်တွင် စိုက်ပျိုးရေးဘွဲ့ရပညာရှင် ၃၀၀ ခန့်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် ၂၀၀ ခန့်သာ မွေးထုတ်ပေးနိုင်ကြောင်း၊ ကိုလိုနီခေတ်က စတင်၍ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်နှစ်ခုသည် နိုင်ငံတော်အတွက် လိုအပ်သည့် ဘွဲ့ရပညာရှင်အရေအတွက် လုံလောက်အောင်မွေးထုတ်ပေးနိုင်ခြင်းမရှိသည့်အတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်တစ်ခုဖြစ်ခဲ့ကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစပြီး နိုင်ငံတော်အတွက် အဆင့်မြင့်စိုက်ပျိုးရေး၊ မွေးမြူရေးဘွဲ့ရပညာရှင်များ၊ အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဒီပလိုမာလက်မှတ်ရပညာရှင်များ၊ စိုက်ပျိုးရေးမွေးမြူရေး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်အဆင့်ရှိ အသိအမှတ်ပြုလက်မှတ်ရပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း၊ ရှိရင်း စိုက်ပျိုးရေးသိပ္ပံ ၁၅ ကျောင်းမှ မွေးမြူရေးဘာသာရပ်ပါ သင်ကြားပေးနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံအဖြစ် ကျောင်းကိုးကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းတစ်ကျောင်းနှင့် တိရစ္ဆာန်ဆေးကုသရေး သိပ္ပံတစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံလူ့စွမ်းအားအရင်းအမြစ်များကို ယခင်ကာလထက် စုစုပေါင်း ၈၃၅၂ ဦးကို ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် မအူပင်စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်မှလည်း နှစ်စဉ်စိုက်ပျိုးမွေးမြူရေးပညာရှင် ၃၀၀ စီ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံပြီးလည်း အထက်မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်အသစ်တစ်ခု ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အနာဂတ်မျှော်မှန်းချက်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကောလိပ်ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်နိုင်ရန် ဆွေးနွေးသုံးသပ်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ကဲ့သို့ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ရည်မှန်းထားကြောင်း၊ ရည်မှန်းထားသည့်အတိုင်းလည်း ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် စိုက်ပျိုးရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၃ ခု၊ မွေးမြူရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၂ ခု၊ အခြေခံဝိဇ္ဇာသိပ္ပံပညာရပ်ဌာန သုံးခု ပါဝင်ဖွဲ့စည်းထားပြီး အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများနှင့် ဌာနအသီးသီးမှ ဘာသာရပ်ကျွမ်းကျင်သူပညာရှင်ကြီးများကို စုစည်းအားဖြည့်သင်ကြားပေးရန် စီစဉ်ထားသည်ဟု သိရှိရကြောင်း၊ အချို့ဘာသာရပ်များကိုလည်း ပညာရှင်များကို ဧည့်ပါမောက္ခကြီးများအဖြစ် ဖိတ်ကြားသင်ကြားပေးခြင်း၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် အဘက်ဘက်က လစ်ဟာမှုမရှိအောင် ကြိုးပမ်းသွားရန် အကြံပြုလိုကြောင်း၊ ဘွဲ့လွန်သင်တန်းများအဖြစ် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး တက္ကသိုလ်၏ **"စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကိုးရသည့် တက္ကသိုလ်တစ်ခုဖြစ်လာမည်ကို ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်ကို သာမန်အားဖြင့် အသုံးချသိပ္ပံပညာရပ် သက်သက်အဖြစ်သာ ရှုမြင်လေ့ရှိကြောင်း၊ အမှန်တကယ်မှာ စိုက်ပျိုးရေးပညာရပ်များနှင့်သက်ဆိုင်သည့် မြေဆီလွှာ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ၊ ဘာသာရပ်များအပါအဝင် ဘာသာရပ် ၁၃ ခု၊ မွေးမြူရေးပညာရပ်နှင့် သက်ဆိုင်သည့် မွေးမြူရေးပညာ၊ ဆေးပညာ၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာ အပါအဝင် ဘာသာရပ် ၁၂ ခု စသည့်ဘာသာရပ်များနှင့် သီအိုရီနှင့် နည်းပညာသဘောတရားများသည် ကျယ်ပြန့်ကြောင်း၊ အဆိုပါအချက်များကို နားလည်တတ်မြောက်ပြီး ရေ၊ မြေ၊ ရာသီဥတုစသည့် သဘာဝတရားများနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်ရန် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ တွေးခေါ်မြော်မြင်မှုနှင့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ တောင်သူနှင့်မွေးမြူရေးသမားများ၏ ခံယူမှုနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များစီမံခန့်ခွဲမှုပညာ (Art of Mana–gement)ကိုပါ သင်ကြားပေးသည့် ပညာရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် သိပ္ပံပညာရပ်များသာမက စဉ်းစားတွေးခေါ်မှု၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့် ပြည့်စုံသည့် ဘွဲ့ရကျောင်းသား ကျောင်းသူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး သင်ယူသည့် ကျောင်းသား ကျောင်းသူများကလည်း ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် မွေးမြူရေးဘွဲ့ကိုပါအပ်နှင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်သဖြင့် ဘွဲ့ရများနှင့်ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းသာမက စိုက်ပျိုးရာသီပြင်ပတွင် မွေးမြူရေးလုပ်ငန်းများက ဝင်ငွေကိုပါရရှိခြင်းအားဖြင့် မိသားစုဝင်ငွေတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိက ဆန်စပါးစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဒေသကြီးဖြစ်သကဲ့သို့ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများလည်း အများအပြားရှိကြောင်း၊ သို့သော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများ ဧရိယာကျယ်ပြန့်စွာရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ဆောင်ရွက်သည့်စနစ်များကို တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)အနေဖြင့် အဆိုပါစနစ်များကို သုတေသနပြုပြီး အောင်မြင်အောင်စမ်းသပ်ဆောင်ရွက်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါးတန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးစသည့် ရည်မှန်းချက်များကို ပြည့်မီစေမည်ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ဆည်းပူးသင်ယူကြသည့် ကျောင်းသားကျောင်းသူများအနေဖြင့် မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်လက်ဆင့်ကမ်းပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အောင်မြင်တိုးတက်ဖို့ **"စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး"** ဆိုသည့်တက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး တိုးတက်ထမ်းဆောင်သွားကြရန်နှင့် တက္ကသိုလ်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရှင်များစွာကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းပြောကြားသည်။ *စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တိုးရွှေဝါခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကဏ္ဍကြီးများအလိုက် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး *စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၄ မှ*

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ပစ္စည်းအား ဂါရဝပြုပေးအပ်သည်။

အခမ်းအနားအပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

> ❑ **ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်စပါးစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဒေသကြီးဖြစ်သကဲ့သို့ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများလည်း အများအပြားရှိ**
>
> ❑ **ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများ ရေဝိယာကျယ်ပြန့်စွာရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ဆောင်ရွက်သည့်စနစ်များကို တိုးချဲ့ဆောင်ရွက်ကြရန်လို**
>
> ❑ **စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)အနေဖြင့် အဆိုပါစနစ်များကို သုတေသနပြုပြီး အောင်မြင်အောင် စမ်းသပ်ဆောင်ရွက်**

ဆက်လက်၍ တက္ကသိုလ်အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ဆရာ ဆရာမများ ခန့်အပ်ဆောင်ရွက်လျက်ရှိမှု၊ သင်ကြားရေးဌာနများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိမှု၊ နှစ်အလိုက် ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ တက္ကသိုလ်အတွက် လိုအပ်သည့် အဆောက်အအုံများ ထပ်မံဆောက်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မအူပင်)၌ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှုနှင့် ပညာသင်နှစ်အလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်မှု၊ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရနည်းပညာအထက်တန်းကျောင်း (မအူပင်) ဆိုင်ရာအချက်အလက်များ၊ အလုပ်ရုံနှင့်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ သင်ကြားရေးဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ အထူးပြုပညာရပ်များအလိုက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသလိုအပ်ချက်အရ ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှာကြား**

တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှာ ယခင်ကတစ်ခုတည်းသာ ရှိခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်နိုင်ရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ရန် နှောင့်နှေးခဲ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များသို့ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးအဓိကထားဆောင်ရွက်ခြင်းဖြစ်သဖြင့် မိရိုးဖလာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းထက် နည်းစနစ်ကျနသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး Agro Base Industries ကိုဆောင်ရွက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ ပညာရည်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ၌လည်း တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ **“နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဟူသည့် နိုင်ငံတော်မှချမှတ်ထားသည့်အတိုင်း ပညာရေးဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

တက္ကသိုလ်များတည်ဆောက်ရာတွင် ရေရှည်အတွက်ကြိုတင်မြော်တွေး၍ Master Plan ချမှတ်ကာ စနစ်တကျရေးဆွဲတည်ဆောက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်းများအတွင်း အရိပ်ရလေကာပင်များနှင့် တက္ကသိုလ်ကို ကိုယ်စားပြုသောအပင်များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးပြီး အရည်အချင်းရှိသည့် စိုက်ပျိုးမွေးမြူရေး ပညာရှင်များဖြစ်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း (မအူပင်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မအူပင်) နှင့် ပိုလီတက္ကနစ်နည်းပညာတက္ကသိုလ် (မအူပင်) တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အရန်ဆန်များသိုလှောင်ထားရှိမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးထားမှု၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ One Region One Product(OROP) လုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မအူပင်မြို့နယ် အားကစားကွင်းအား အဆင့်မြှင့်တင်ပေးရန် လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးရေးတောင်သူများအား ချေးငွေများတိုးမြှင့်ထုတ်ချေးပေးစေလိုမှု၊ စပါးအခြောက်ခံစက်များ လိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် ငါးစာများ လုံလောက်စွာထုတ်လုပ်ရရှိနိုင်ရေး ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လိုအပ်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးမှုကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာမှုနှင့် မြေနေရာများထပ်မံလိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကန်ပေါင်များပေါ်၌ ဝါးပင်များ စိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မှု၊ အုန်းချိုမွှေးများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ ဈေးကွက်သို့ဖြန့်ဖြူးရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ စပါးအခြောက်ခံစက်နှင့် သီးနှံအခြောက်ခံစက်များ လိုအပ်မှုနှင့်ပတ်သက်၍ လိုအပ်ပါက ပြည်ပမှ မှာယူတင်သွင်းဆောင်ရွက်ပေးနိုင်ပြီး အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း ဝယ်ယူနိုင်မှု၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည့်မြေနေရာများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဆန်၊ စပါး Export Zone ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပေါ်ဆန်းမွှေးစပါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မအူပင်ဒေသသည် ဧရာဝတီတိုင်းဒေသကြီး၏ အရေးပါသည့်နေရာတွင် တည်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်)အား ၂၀၂၂ ခုနှစ်ခန့်ကတည်းက ဖွင့်လှစ်ရန် ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင် လူသားအရင်းအမြစ်များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသော်လည်း ထင်သလောက်အောင်မြင်မှုမရရှိခဲ့ကြောင်း၊ အများစုမှာကျေးလက်တွင်နေထိုင်ကြသူများဖြစ်ပြီး ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုဆောင်ရွက်ရန် စိန်ခေါ်မှုများရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အချိုးညီညီတိုးတက်စေရေး တက္ကသိုလ်များကို ဖွင့်လှစ်ထားသော်လည်း အချို့ပြည်နယ်များတွင် ကျောင်းသား ကျောင်းသူ တက်ရောက်မှု နည်းပါးနေကြောင်း၊ ထို့ကြောင့် ပိုလီတက်ကနစ်နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ပညာရည်မြှင့်မားရေး

နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်မားရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကို တက်ရောက်ပြီး အဆင့်မြင့်ပညာရပ်များကို သင်ကြားနိုင်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးလာခြင်းကြောင့် တက္ကသိုလ်သို့ တက်ရောက်သင်ကြားသူများ နည်းပါးလာခြင်းဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များစေရေး မအူပင်ခရိုင်အနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

### စိုက်ပျိုးမွေးမြူရေး

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ စပါးကျီတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံများထွက်ရှိမှုသည် ထိုက်သင့်သည့် အထွက်နှုန်းဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မည်သို့ဆောင်ရွက်၍ရမည်ကို စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ပြည်ပသို့တင်ပို့နိုင်ရေး ပိုမိုတိုးတက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျစမ်းသပ်ထားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစိုက်ပျိုး၍ရသည့်ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပေါ်ဆန်းမွှေးစပါးကိုသာမက အခြားသီးနှံများကိုလည်း အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်း(၄)သွယ်ဖြင့် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရမည်၊ မြေအခြေအနေကောင်းမွန်ရမည်၊ ရေလုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အထက်ပါနိယာမများကို လိုက်နာဆောင်ရွက်သွားမည်ဆိုပါက မိမိတို့စိုက်ပျိုးသည့်သီးနှံများများစွာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စိုက်ပျိုးရေးအသိပညာပေးခြင်းကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် နိုင်ငံတကာဈေးကွက်ဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ အများအားဖြင့် ကုန်းမြင့်ကော်ဖီကို စိုက်ပျိုးကြကြောင်း၊ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးသည့် ဧက ၂ သောင်းခန့်ရှိသည်ကို တွေ့ရှိရသဖြင့် အဆိုပါဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ (ရိုဘက်စတာမျိုး)များကို စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း။

အုန်းချိုမွှေး စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးများစွာဖြစ်ထွန်းစေကြောင်း၊ အုန်းနှင့်ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ အုန်းထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိမည်ဖြစ်ကြောင်း၊ ဒေသအလိုက် အရိပ်ရလေကာပင်များစိုက်ပျိုးကြရန်လိုကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် အုန်းပင်များနှင့် အရိပ်ရလေကာပင်များသည် ထိုက်သင့်သည့်အကာအကွယ်ပေးနိုင်ကြောင်း။

- ❖ **အုန်းချိုမွှေးစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးများစွာဖြစ်ထွန်းစေပြီး အုန်းနှင့်ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးကြစေလို**
- ❖ **အုန်းထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိမည်ဖြစ်၊ ဒေသအလိုက် အရိပ်ရလေကာပင်များ စိုက်ပျိုးကြရန်လို**
- ❖ **သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် အုန်းပင်များနှင့် အရိပ်ရလေကာပင်များသည် ထိုက်သင့်သည့်အကာအကွယ်ပေးနိုင်**
- ❖ **မြို့တွင်း၌ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လို**

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ အလားတူ ကြက်၊ ဝက်၊ နွား၊ ဘဲ မွေးမြူခြင်းများနှင့်ပတ်သက်၍လည်း ပိုမိုတိုးတက်မွေးမြူဆောင်ရွက်ကြစေလိုကြောင်း။

မြို့နှင့်ပတ်သက်၍ မြို့တွင်း၌ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုသကဲ့သို့ မြို့နေပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်အတွက်လိုအပ်သည့် ဘောလုံးအားကစားကွင်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မအူပင်မြို့ရှိ တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး ထိုအချိန်က တာဝန်ရှိသူများအနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တိုင်းပြည်နှင့် ဒေသအကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကို စဉ်းစားရွေးချယ်၍ ဆန္ဒမဲပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များ၊ စားသောက်ကုန်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး






**ရန်ကုန် နိုဝင်ဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီမင်းက သင်တန်းကျောင်း၏ သမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အရာထမ်းများနှင့် လည်းကောင်း၊ အောင်ဆန်းခန်းမ၌ အရာထမ်း၊ အမှုထမ်း ၁၀၉ ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ဆင်း ကျောင်းသားကျောင်းသူ ၁၁၇ ဦးတို့နှင့် လည်းကောင်း(ယာပုံ) တွေ့ဆုံမှာကြားပြီး သင်တန်းသားများနှင့် ဝန်ထမ်းမိသားစုများအား အခြေခံစားကုန်များနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် သင်တန်းသားများ၊ သင်တန်းသူများ၏ အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားဖိုဆောင်များ၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊ သုံးထပ်ရုံးအဆောက်အအုံရှိ စာကြည့်တိုက်နှင့် စာသင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်သည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာနှင့် လွင်သာယာကျေးရွာချင်းဆက်လမ်းသို့ သွားရောက်၍ တောင်ကျချောင်း ရေတိုက်စား၍ ပျက်စီးနေမှုများကို ယာယီ



ဘေလီတံတား တည်ဆောက်ပေးနိုင်ရေးနှင့် အဆိုပါလမ်းအား ပြုပြင်ပေးနိုင်ရေး၊ ဥတ္တရသီရိမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည် များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ထန်းတပင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ထန်းတပင် နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၂၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ရိပ်သာဆောင်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိသည်။



ထန်းတပင်မြို့နယ်အတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုလက်လှမ်းမီပြီး ၎င်းတို့၏ ကျန်းမာရေးအဆင့် တိုးတက်မြင့်မားလာစေရန်၊ ရောဂါရှိသော်လည်း ရောဂါလက္ခဏာမပြသော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများတွင် ရောဂါ ရှာဖွေစစ်ဆေးခြင်းဖြင့် ရောဂါများကို စောစီးစွာရှာဖွေတွေ့ရှိကုသနိုင်ပြီး ပိုမိုပြင်းထန်သောရောဂါများနှင့် နောက်ဆက်တွဲပြဿနာများကိုရှောင်လွှဲနိုင်စေရန်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအားသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် ရည်ရွယ်၍ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ထန်းတပင်မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးခြင်း၊ အခြေခံရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကြိုတင်ရောဂါရှာဖွေခြင်း၊ ကုသရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပြီး စုစုပေါင်း လူနာ ၇၅ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လယ်ဝေးမြို့နယ်၌ ဆောင်းသီးနှံမတ်ပဲစိုက်ပျိုးမည့် သမအသင်းသားတောင်သူများအား မျိုးနှင့်သွင်းအားစုများ ပေးအပ်

**လယ်ဝေး နိုဝင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် ရွှေပြည်အေးကျေးရွာ မီးလောင်ကုန်းစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းရှိ ဆောင်းသီးနှံ မတ်ပဲစိုက်ပျိုးမည့် အသင်းသားတောင်သူများသို့ နိုင်ငံတော်ထောက်ပံ့ငွေ(သက်တန့်ရောင်စီမံကိန်း)ဖြင့် မျိုးနှင့်သွင်းအားစုများပေးအပ်ပွဲကျင်းပသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က ယခုနှစ်ဆောင်းသီးနှံမတ်ပဲ စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရန် ဦးစီးဌာနကြီးကြပ်မှုဖြင့် အသင်းသားတောင်သူများက စဉ်ဆက်မပြတ်ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း၊ အဖျက်ပိုးမွှားအန္တရာယ်များမှ ကာကွယ်နိုင်စေရန် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အသီးအပွင့်အားတိုးဆေးနှင့် မြေဩဇာများကို နည်းစနစ်မှန်ကန်စွာဖြင့် စံချိန်၊ စံညွှန်းများအတိုင်း အသုံးပြုရန်လိုအပ်ကြောင်း၊ လိုအပ်သည့်သွင်းအားစုများကို နိုင်ငံတော်ဘဏ္ဍာငွေမှ ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သီးနှံပေါ်ချိန်တွင် မျိုးနှင့် သွင်းအားစုတန်ဖိုးငွေများကို အချိန်မီပြန်လည်ပေးဆပ်နိုင်ရေး မြို့နယ်သမဝါယမဦးစီးဌာနမှ စဉ်ဆက်မပြတ်ကွင်းဆင်းကြည့်ရှုပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့။**

# ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတား

**စာရေးသူ ရန်ကုန်မြို့သို့ မရောက်သည်မှာ ငါးနှစ်ခန့် ရှိပြီဖြစ်သည်။ လာချင်အနီးကလေး၊ မလာချင် ခရီးဝေး ဆိုသည့်စကားအတိုင်းပင်ဖြစ်သည်။ ဤကာလအတွင်း မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို နေ့စဉ်ထုတ်သတင်းစာ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံတို့မှတစ်ဆင့် ကြားသိတွေ့မြင်ခဲ့ရသည်။**

မော်ကျွန်း-မြင့်အောင်

ထို့ကြောင့်လည်း မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားအား ကိုယ်တိုင်ကိုယ်ကျ တွေ့လိုမြင်လိုသည်။ တစ်ဝကြီး ကြည့်ရှုလိုသည်။ ဤဆန္ဒ စာရေးသူ၏စိတ်တွင် ပြင်းပြင်းပြပြ ဖြစ်ပေါ်ခဲ့ပါသည်။

စာရေးသူ၏ ဆန္ဒပြည့်ဝခဲ့ပါသည်။ နိုဝင်ဘာလ ၁၇ ရက်နေ့က စာရေးသူ၏ မိတ်ဆွေဖိတ်ကြားချက်အရ ရန်ကုန်မြို့၏ ဘုရားဖူးခရီးစဉ်တွင် လိုက်ပါခွင့်ရခဲ့ပါသည်။

နံနက် ၄ နာရီ ၁၀ မိနစ်တွင် စာရေးသူတို့စီးနင်းလိုက်ပါသော ပရိုဘောက် (Probox) ကားကလေးမှာ အအေးဓာတ်ကိုအန်တုပြီး အမောတကော ပြေးလွှားနေသည်။ မော်လမြိုင်ကျွန်းမြို့၏ နံနက်စောစော ဆောင်းအအေးဓာတ်မှာ ချမ်းစိမ့်စိမ့်မျှသာရှိသည်။ ဆောင်းမပီသတော့၊ လမ်းများပေါ်သို့ နှင်းခိုးနှင်းငွေ့များလည်း ဖြတ်သန်းလွှမ်းမိုးမှု မရှိတော့ပါ။ ခရီးလမ်းတစ်လျှောက် ကျိုက်ပိ၊ လှိုင်းတာ၊ ရွှေတောင်မော်၊ ရေလဲကလေးတို့ကို ဖြတ်သန်းပြီးသောအခါ မအူပင်မြို့သို့ နံနက် ၆ နာရီတွင် ရောက်ရှိကြသည်။ မအူပင်မြို့မှာ နိုးထစပင် ရှိသေးသည်။

ထိုမှတစ်ဆင့် မအူပင်မြို့မှ နံနက် ၇ နာရီတွင် ခရီးဆက်ဖြစ်သည်။ မအူပင်မြို့ကို နှုတ်ဆက်ပြီး ကားလေးမှာ ပြေးလမ်းအတိုင်း အရှိန်ပြင်းပြင်းဖြင့် ပြေးလွှားနေသည်။ ကားလမ်းဘေး ဝဲယာတစ်လျှောက် ရွှေဝါရောင်စပါးခင်းများမှာ ရိတ်သိမ်းပြီး၊ ရိတ်သိမ်းဆဲမြင်ကွင်းများကို တွေ့မြင်ရသည်။ နိုင်ငံ့စပါးကျီ တိုင်းဧရာဝတီ၏ လယ်ယာကဏ္ဍ စိုက်ပျိုးသီးနှံ ဖြစ်ထွန်းအောင်မြင်မှု မြင်ကွင်းများပင် ဖြစ်ပါသည်။

နံနက် ၉ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြသည်။ ပရိုဘောက်ကားကလေးမှာ လှိုင်သာယာမြို့မှ ဘုန်းကြီးလမ်းသို့ ဦးတည် မောင်းနှင်ခဲ့သည်။ နံနက်ပိုင်း ချမ်းစိမ့်စိမ့်အအေးဓာတ်မှာ ဘယ်ဆီသို့ ရှောင်ပြေးပုန်းခိုသွားမှန်းမသိတော့။ နေပူရှိန်၏ အပူဓာတ်မှာ သိသိသာသာ နေရာဝင်ယူလာသည်။

မကြာမီ ရန်ကုန်မြို့ ဘုန်းကြီးလမ်း အောက်ဘလောက်ဆီသို့ ကားကလေး လှမ်းဝင်လိုက်သောအခါ မြင်ရသည့်မြင်ကွင်းမှာ ဝမ်းသာကြည်နူးစရာကောင်းလှသည်။ မြင့်မားခန့်ထည်လှသော ရန်ကုန်-ဒလမြစ်ကူး မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားကြီးကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါတော့သည်။



ကမ်းနားလမ်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားကြီးကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ-မော်ကျွန်းမြင့်အောင်

အားပါးပါး...။ လှပခံ့ညား မြင့်မားထည်ဝါလှသည့် တံတားကြီးပါလားဟု စာရေးသူ မှတ်ချက်ချမိသည်။ သံမဏိကြိုးဆိုင်းတံတားများအနက် ဤတံတားကြီးမှာ မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်မည်။ ဤမျှကြီးမားသော သံမဏိကြိုးဆိုင်းတံတားကြီးမျိုး ယခုမှပင် တွေ့ဖူးမြင်ဖူးခြင်းဖြစ်သည်။

ဤတံတား တည်ဆောက်ဖွင့်လှစ်ပြီးပါက ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများကို အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားစေမည်ဟု ထင်မိသည်။

စာရေးသူမှာ ရောက်တုန်းရောက်ခိုက်မို့ ဒလဘက်ကမ်းမှ ရန်ကုန်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားကြီးအား မှတ်တမ်းတင်မိသည်။ ဒလဘက်ကမ်းမှ ရန်ကုန်ကမ်းနားလမ်းနှင့် ဘုန်းကြီးလမ်းဘက်သို့ ဖြတ်ကျော်လာသော တံတားမြင်ကွင်း၊ ဘုန်းကြီးလမ်းတစ်လျှောက် တံတားမြင်ကွင်းနှင့် ဘုန်းကြီးလမ်း အထက်ဘလောက်မှနေပြီး ကမ်းနားဘက်ခြမ်း တည်ဆောက်ထားသော တံတားမြင်ကွင်း စသည် စသည်ဖြင့် ထောင့်စုံဘက်စုံ မှတ်တမ်းတင်မိပါသည်။

ဤမျှ ဂုဏ်ကျက်သရေရှိလှသော၊ လှပခံ့ညားသည့် တံတားကြီး ဖြစ်ထွန်းပေါ်ပေါက်လာပုံကို သိချင်စိတ်ဖြင့် စူးစမ်းမိပါသည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားဖြစ်ပေါ်လာပုံမှာ ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံ၌ မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရေးစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆွေးနွေးခဲ့ကြကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ဒလတံတားစီမံကိန်း စတင်အကောင်အထည်ဖော်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများစတင်နိုင်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ ပုံစံထုတ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ဤသို့ အဆင့်ဆင့်ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်မှုများကြောင့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားကြီး ငွားငွားစွင့်စွင့် အောင်မြင်စွာ ရုပ်လုံးပေါ်ပေါက် တည်ဆောက်နိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း သိခွင့်ရခဲ့သည်။

တံတားကြီးသည်ကား သံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge) အမျိုးအစားတံတားဖြစ်သည်။ တံတားမှာ လေးလမ်းသွားဖြစ်သည်။ ပင်မ တံတားအရှည်မှာ ၂၂၆၄ ပေ ရှိပြီး ရန်ကုန်ဘက် ချဉ်းကပ်တံတားအရှည်မှာ ၁၈၉၁ ပေ၊ ဒလဘက်ကမ်းချဉ်းကပ်တံတား အရှည်မှာ ၁၉၇၂ ပေ ဖြစ်သည်။ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်း ချဉ်းကပ်လမ်းအရှည်မှာ ၃၄၅၃ ပေ ဖြစ်သည်။

ထို့ကြောင့် တံတားတစ်စင်းလုံး၏ စုစုပေါင်းတံတားအရှည်မှာ ၆၁၂၇ ပေ ဖြစ်သည်။

**ရေလမ်းကင်းလွတ်အမြင့်ဆုံး**

ယခုအခါ မြန်မာနိုင်ငံ၌ တည်ဆောက်ပြီးစီးခဲ့သည့် သံမဏိကြိုးဆိုင်းတံတားများအနက် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားမှာ ရေလမ်းကင်းလွတ်အမြင့်ဆုံး တံတားပင်ဖြစ်သည်။

ယင်း(ဒလ)တံတားအောက်မှ တန်ချိန် ၁၅၀၀၀ ရှိသည့် နိုင်ငံတကာပင်လယ်ကူးသင်္ဘောကြီးများနှင့် ပြည်တွင်းရေကြောင်းသွားသင်္ဘောကြီးများ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းအသုံးပြုနိုင်ကြမည်။ ယင်းတံတား၏ ရေလမ်းကင်းလွတ်မှာ အမြင့်ပေ ၁၆၀၊ အကျယ် ပေ ၉၉၀ ရှိသည်။

ထို့ပြင် တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်ကြမည့် ယာဉ်များအနေဖြင့် သတိပြုရန်အချက်မှာ တံတားခံနိုင်ဝန်ဖြစ်သည်။ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်ပါသည်။ ယင်းတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်စေရေးအတွက် စည်းကမ်းနှင့်အညီ ပြည်သူတိုင်းက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြဖို့ အထူးလိုအပ်ပါသည်။

**ဆက်သွယ်ရေးရလဒ်ကောင်း**

ဤတံတားကြီး တည်ဆောက်နိုင်ခဲ့ခြင်းကို ဂုဏ်ယူမိပါသည်။ တံတားတည်ဆောက်နိုင်ခဲ့ခြင်းတို့ကြောင့် မြန်မာအင်ဂျင်နီယာများအနေဖြင့် သံမဏိကြိုးဆိုင်းတံတားဆိုင်ရာ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ခေတ်မီနည်းပညာများ၊ နည်းစနစ်များနှင့် အတွေ့အကြုံများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

မကြာမီကာလအတွင်း တံတားကြီး အချောသတ် တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့ပါက အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများပါ အချိန်နှင့်တစ်ပြေးညီ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်သွားတော့မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး၏ အကျိုးရလဒ်ကောင်းများကို ပြည်သူများ လက်တွေ့ခံစားကြရမည် ဖြစ်ပေသည်။

*စာမျက်နှာ ၉ သို့*



ဘုန်းကြီးလမ်းတစ်လျှောက် တည်ဆောက်ထားသည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားကြီးကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ-မော်ကျွန်းမြင့်အောင်

- **တံတားတည်ဆောက်နိုင်ခဲ့ခြင်းတို့ကြောင့် မြန်မာအင်ဂျင်နီယာများအနေဖြင့် သံမဏိကြိုးဆိုင်းတံတားဆိုင်ရာ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ခေတ်မီနည်းပညာများ၊ နည်းစနစ်များနှင့် အတွေ့အကြုံများ ရရှိနိုင်ကြမည်**
- **မကြာမီကာလအတွင်း တံတားကြီး အချောသတ် တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့ပါက အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများပါ အချိန်နှင့်တစ်ပြေးညီ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်သွားတော့မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး၏ အကျိုးရလဒ်ကောင်းများကို ပြည်သူများ လက်တွေ့ခံစားကြရမည်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၃၄ ရက် သာ လိုတော့သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

---

*စာမျက်နှာ ၈ မှ*

ယင်းတံတားကြီးနှင့် တိုက်ရိုက်ထိစပ်နေသော ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်များ၊ ဒေးဒရဲမြို့မှ တိုက်ရိုက်ထိစပ်နေသော ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများ၊ ဘိုကလေး- မော်လမြိုင်ကျွန်းမြို့တို့နှင့် တိုက်ရိုက်ထိစပ်နေသော ဝါးခယ်မ၊ မြောင်းမြ၊ လပွတ္တာ၊ အိမ်မဲ၊ မအူပင်နှင့် ပုသိမ်မြို့များအထိ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ ချိတ်ဆက်သွားလာနိုင်ကြမည်ဖြစ်သည်။

ထို့ပြင်မက မော်လမြိုင်ကျွန်း-ဘိုကလေးဒေသများနှင့် တိုက်ရိုက်ထိစပ်နေသော ပင်လယ်ပိုင်းဒေသမှ ပင်လယ်ဒေသ ထွက်ကုန်၊ ရေထွက်ပစ္စည်းမျိုးစုံတို့ကိုလည်း အချိန်တိုကာလအတွင်း ဆက်သွယ်ပို့ဆောင် ရောင်းဝယ်ဖောက်ကားနိုင်ကြမည် ဖြစ်ပေသည်။

ဤသို့ဖြင့် တံတားကြီး၏ အကျိုးပြုမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ခရီးသွားပြည်သူများသည် ရန်ကုန်မြို့၏ အလယ်ဗဟိုရပ်ဝန်းဖြစ်သော ရန်ကုန်ဘုန်းကြီးလမ်း ပတ်ဝန်းကျင်ဒေသများသို့ အချိန်တိုတိုဖြင့် တိုက်ရိုက်ရောက်ရှိ သွားလာဆက်သွယ်နိုင်ကြတော့မည် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားကြီးသည်ကား ရန်ကုန်မြို့၏ အထင်ကရ ပြယုဂ်ပင် ဖြစ်ပေတော့သည်။

အထူးပြုတင်ပြရလျှင် ရန်ကုန်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ထိုတံတားကြီး၏ အကျိုးပြုမှုကြောင့် တိုင်းဒေသကြီးများရှိ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများပါ တိုးတက်ပြောင်းလဲလာတော့မည်ဖြစ်ရာ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားကြီး တည်ဆောက်နေမှုကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

❖ ❖ ❖

---

## ကော့ကရိတ်မြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာပေးရာ ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိ



**ကော့ကရိတ် နိုဝင်ဘာ ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းမှစတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများရှိ သတ်မှတ်နေရာများ၌ ထုတ်ပြန် ကြေညာပေးထားရာ ဒေသခံပြည်သူများက စိတ်ဝင်တစား လာရောက်ကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားရာနေရာများသို့ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာမဲဆန္ဒရှင်များ၏ မဲစာရင်းလာရောက်ကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ထုတ်ပြန်ထားသော မဲဆန္ဒရှင်စာရင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် အမည်စာရင်း မပါရှိသူများသည် ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲဆန္ဒရှင် အချက်အလက်များ ပြင်ဆင်လိုပါက ပုံစံ(၄-က)ဖြင့် လည်းကောင်း၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပုံစံ(၄) ဖြင့်လည်းကောင်း ဖြည့်စွက်၍ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူလျှောက်ထားနိုင်ကြောင်း သိရသည်။

ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခြင်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ထုတ်ပြန်ကြေညာထားရှိမည်ဖြစ်ကြောင်း၊ အလားတူ ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ရွှေတောင်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသ

ရွှေတောင် နိုဝင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းက ရွှေတောင်မြို့နယ် ကွေ့မတိုက်နယ်ဆေးရုံသို့ သွားရောက်၍ ကျေးလက်နေပြည်သူ ၇၀၀ ကျော်အား ကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေး အသိပညာပေးခြင်း ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်း၊ ပြည်မြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမော်ဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က ဆေးကုသမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



---

## မြို့နယ်အဆင့် မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်

**သထုံ နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် သထုံခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မြို့နယ်အဆင့် မဲပေးစက်ဆိုင်ရာ နည်းပညာ အထောက်အကူပြု သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဘက်စုံသုံးခန်းမ၌ ပြုလုပ်ရာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံလှဘော်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးချမ်းငြိမ်းခန့်က မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြု သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။



ယင်းနောက် သင်တန်းကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် အင်းလေးဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

## အင်းလေးဒေသသည် တည်ငြိမ်အေးချမ်းမှုရှိပြီး သာယာလှပမှုကြောင့် ခရီးသွားလုပ်ငန်းအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိ

**ညောင်ရွှေ နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် အင်းလေးဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ အခြေခံပညာ အထက်တန်းကျောင်း (သာလေး) ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။(အပေါ်ယာပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းဘင်ခရာ တီးဝိုင်းအဖွဲ့များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆို/အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည့် ကာယ/ဉာဏပြိုင်ပွဲများနှင့် ခင်းကျင်းပြသထားသည့် ဓာတ်ပုံများနှင့် စာအုပ်/စာစောင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အ.ထ.က(သာလေး)မှ ကျောင်းသား ကျောင်းသူများက “အလှဆုံးပန်းများပွင့်ကြပြီ”တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် MRTV မှ စီစဉ်ထုတ်လုပ်သည့် “ရွှေသို့ချီမည့် ပန်းတိုင်ဆီ” Video Clip ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာကျော် အင်းလေးဒေသသည် တည်ငြိမ်အေးချမ်းမှုရှိပြီး သာယာလှပမှုကြောင့် ခရီးသွားလုပ်ငန်း အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း၊ ငလျင်ဘေးဒဏ်သင့်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုအခါ ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိ လာသည်ကို တွေ့မြင်ရပါကြောင်း၊ မောင်တို့ မယ်တို့အနေဖြင့် ပညာကို ထူးချွန်စွာ တတ်မြောက်အောင် ကြိုးစားသင်ယူကြရန်အပြင် သုတ/ရသ စာအုပ် စာစောင်များကိုလည်း ဖတ်ရှု ကြစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ရှမ်းပြည်နယ် အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံ MRTV DTH စလောင်း အစုံ ၅၀ နှင့် စာကြည့်တိုက်များ



အတွက် စာအုပ်စာစောင်များကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က MRTV DTH စလောင်း ၁၀ စုံကို တက်ရောက်လာသူများအား မဲဖောက်၍ပေးအပ်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေးအတွက် ငွေကျပ် ၁၀၈ သိန်းကျော်နှင့် စာကြည့်တိုက်များ အတွက် စာအုပ်/စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်မေမေနီက ဒေသ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ညောင်ရွှေမြို့ အ.ထ.က (ဟဲယာရွာမ) မှ ကျောင်းသား ကျောင်းသူများက အင်းတိုင်းရင်းသားရိုးရာ အဆို/အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဆို/အက အဖွဲ့များအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့ ဦးစီးဆောင်ရွက်မှုနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ငလျင်ဘေးဒဏ်သင့် အပြာရောင်အဆင့်မှ ပြန်လည်ပြုပြင်ပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၌ ဝန်ထမ်းများပြန်လည်ပြောင်းရွှေ့နေထိုင်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပြာရောင်အဆင့် သတ်မှတ်၍ ပြန်လည်ပြုပြင်ပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများ ပြန်လည်ပြောင်းရွှေ့နေထိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများ နေထိုင်ခဲ့သည့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဘောဂသိဒ္ဓိရပ်ကွက် ပိတောက်အိမ်ရာ တိုက်အမှတ် ၈၂၁၊ ၈၂၂ နှင့် တိုက်အမှတ် ၇၄၇၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် ဘူးကွဲအိမ်ရာရှိ တိုက်အမှတ် ၅၃၅၀ နှင့် ၅၃၅၁ တို့တွင် ဝန်ထမ်းများနှင့်မိသားစုဝင်များ ပြန်လည်ပြောင်းရွှေ့နေထိုင်မှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ရေဆင်းမြောင်း ပြိုကျပျက်စီး၍ ပိတ်ဆို့နေမှု၊ မီးဖိုခန်းနှင့် ဘောစင်ရေပိုက်လိုင်းများ၊ ရေတိုင်ကီရေစိမ့်ထွက်နေမှုများ၊ အုတ်နံရံရေယိုစိမ့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရေ၊ မီး၊ မိလ္လာ သုံးစွဲမှုအဆင်ပြေစေရေး၊ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများထဲတွင် မပါရှိသော်လည်း တည်ဆောက်ထားမှုနှင့် လူနေထိုင်မှု ကြာမြင့်သည့်အတွက် ပျက်စီးယိုယွင်းလျက်ရှိသည့် တံခါးနှင့် တံခါးကျည်းပေါင်များ ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ တိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အဆောက်အအုံများ ရေရှည်တည်တံ့စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်နှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

## ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ရောင်းချရ

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ် နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၉၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(စီ) အတွဲအမှတ်(၂၉၀၁) မှ (၃၆၅၀) အထိကို ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များက ကြည့်ရှုစစ်ဆေး ကြပြီး ဈေးနှုန်းပေးသွင်းလွှာများ ကိုသက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ ညနေ ပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲ များကိုနိုဝင်ဘာ ၂၄ရက် နံနက်ပိုင်း တွင် ကြေညာသွားမည်ဖြစ်သည်။

ယနေ့ ညနေပိုင်းတွင် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲ ကျင်းပရာ မဏိရတနာကျောက်စိမ်း ခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှုကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား မှာကြားသည်။

ပြပွဲတွင် အုပ်စု( အေ၊ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များအား အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်း အတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမ နေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲ ပေါင်း ၇၁၆ တွဲကိုလည်းကောင်း၊ ပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်း အတွဲပေါင်း ၉၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ကိုလည်းကောင်း ရောင်းချပေးနိုင် ခဲ့ပြီး ကျန်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ ၌ ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်များအား ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။



ယင်းအုပ်စု(စီ)မှ ကျောက်စိမ်း အတွဲများကို ပြည်ပရတနာ ကုန်သည်များအနေဖြင့် အမေရိကန် ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်း ဘတ်ငွေနှင့်မြန်မာနိုင်ငံတော် ဗဟို ဘဏ်က လက်ခံသည့် နိုင်ငံခြား ငွေအမျိုးအစားများဖြင့် ပေးချေ ဝယ်ယူနိုင်မည်ဖြစ်ပြီး ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် ပေးချေဝယ်ယူ နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ဆေးဝါးတက္ကသိုလ်-ရန်ကုန် “ကံ့ကော်ဆောင်” အဆောက်အအုံဖွင့်ပွဲ တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ဆေးဝါးတက္ကသိုလ် - ရန်ကုန်၏ အမျိုးသမီး (၁၁၀ဆံ့) အိပ်ဆောင် “ကံ့ကော်ဆောင်” ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၂)မှ တာဝန်ရှိသူများ၊ ဌာနအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဆေးဝါးတက္ကသိုလ်-ရန်ကုန် “ကံ့ကော်ဆောင်” ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးဝါးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်တို့က “ကံ့ကော်ဆောင်”ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က “ကံ့ကော်ဆောင်” ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေး၍ အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယပိုင်း အစီအစဉ်များကို “ဘက်စုံခန်းမ” ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်တစ်ခု၏ အုပ်ချုပ်ရေး၊ သင်ကြားရေး အဆောက်အအုံများ၊ ဆရာဆရာမ ကျောင်းသားအချိုး၊ သင်ထောက်ကူပစ္စည်းများ ရရှိမှုအခြေအနေများအပြင် အေးချမ်းလုံခြုံစွာ နေထိုင်၍ ပညာသင်ကြားနိုင်ရန် ကျောင်းသားကျောင်းသူအဆောင်များ ထောက်ပံ့ဖြည့်ဆည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမှာလည်း တက္ကသိုလ်၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက် (University Ranking) အတွက် အဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိရာ ဆေးတက္ကသိုလ်များ၊ ဆေးပညာနီးနွယ်တက္ကသိုလ်များနှင့် သူနာပြုသားဖွားသင်တန်းကျောင်းများမှ ယနေ့အထိ ဆေးပညာရှင် ဆရာဝန် ၄၉၅၅၃ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၅၇၄၅ ဦး၊ ဆေးဝါးပညာရှင် ၄၅၀၇ ဦး၊ ဆေးဘက်ဆိုင်ရာပညာရှင် ၄၈၄၅ ဦး၊ သူနာပြုသိပ္ပံနှင့် သူနာပြုသားဖွား ဒီပလိုမာဘွဲ့ရ ၉၆၄၅၄ ဦး၊ အခြေခံကျန်းမာရေးပညာရှင် ၂၅၈၃ ဦးတို့ကို မွေးထုတ်ပေးပြီးဖြစ်ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍအတွက် အထူးရန်ပုံငွေများကို နှစ်စဉ်ချထားပေးလျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့် ဆေးကုသဆောင်များ၊ ကျောင်းသား ကျောင်းသူအဆောင်များ၊ ဝန်ထမ်းအိမ်ရာများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးဝါးတက္ကသိုလ်များမှ ဘွဲ့ရရှိပြီးသည့် ဆေးဝါးပညာရှင်များအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဆေးဝါးထုတ်လုပ်ရေး စက်ရုံများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ဆေးဝါးတက္ကသိုလ်- ရန်ကုန်ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များပေးအပ်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၂)မှ တာဝန်ရှိသူက အဆောက်အအုံဆိုင်ရာ မှတ်တမ်းများ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ကပြဖျော်ဖြေခဲ့သော ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ သုတေသနပြုဖော်စပ် ထုတ်လုပ်ထားသော ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ ခင်းကျင်းပြသထားခြင်းနှင့် သုတေသနစာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့် “ကံ့ကော်ဆောင်” သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့ပြီး တန်ဖိုးငွေကျပ်သန်း ၁၈၃၆ ဒသမ ၀၀၀ ဖြစ်ပြီး ကျောင်းသူ ၁၁၀ ဆံ့ နေထိုင်နိုင်သည့် အကျယ်စတုရန်းပေ ၂၁၆၀၀ ရှိ လေးထပ်ဆောင်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား တက်ရောက် ဟုမ္မလင်းမြို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဒုတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာထားရှိမှုကြည့်ရှု

**မုံရွာ နိုဝင်ဘာ ၂၃**

မြစ်ချောင်းများအတွင်း ငါးသယံဇာတ ပေါများစေရေးနှင့် ပြည်သူများ ငါးစားသုံးမှုဖူလုံစေရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဟုမ္မလင်းမြို့၌ ကျင်းပသည်။



အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့် မြို့နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများနှင့် မြို့နေပြည်သူများက ချင်းတွင်းမြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ ၄၀၀၀၀၊ ထိုင်းငါးခုံးမကြီး ကောင်ရေ ၇၀၀၀ နှင့် ငါးကြင်း ကောင်ရေ ၃၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၅၀၀၀၀ ကို တပျော်တပါး စိုက်ထည့်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဦးဆူးပေ့၊ အသားတိုးကြက် မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဟုမ္မလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိကာ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ဟုမ္မလင်းမြို့ ဟုမ္မလင်း ရပ်ကွက်ရှိ ၂၀၂၅ ခုနှစ် ဒုတိယ အကြိမ် မဲစာရင်းများ ကပ်ထား ကြေညာထားရှိမှုအား ဒေသခံ တိုင်းရင်းသား ပြည်သူများ မဲစာရင်း လာရောက်ကြည့်ရှုနေမှု ကို ကြည့်ရှုအားပေးပြီး ရင်းရင်း နှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် ဟုမ္မလင်းမြို့ ချင်းတွင်း ဥရု ရှမ်းနီလူငယ် ပါရမီစာကြည့်တိုက် သို့ ရောက်ရှိပြီး သုတ/ ရသ စာအုပ်စာစောင်များ စနစ်တကျ ထားရှိမှုအား ကြည့်ရှုကြကာ စာကြည့်တိုက်အတွက် ငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်သည်။

ယင်းနောက် ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့၊ ပြည်သူ့ဆေးရုံ ကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး နှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများကို ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဆေးရုံအုပ်ကြီးထံ ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၅)ရှိ မြို့မဈေးကြီးဈေးအတွင်း ၌ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်၍ ခရိုင်/ မြို့နယ် သန္ဓေ/အရန် မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ် ဈေးအမှုဆောင်များနှင့် မြို့နယ် ဈေးကော်မတီ အဖွဲ့ဝင်များ နိုဝင်ဘာ ၂၂ ရက်က ဈေးမီးဘေး လုံခြုံရေးစစ်ဆေး ဆောင်ရွက် စဉ်။ ဘုန်းမြတ်



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၉) ရပ်ကွက် ဗိုလ်ဇင်ယော်လမ်းရှိ YLDS(Private School) တွင် နိုဝင်ဘာ၂၃ရက်က မြို့နယ် မီးသတ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ မီးဘေး လုံခြုံရေး အသိပညာပေး ဟောပြောပြီး လက်တွေ့မီးငြိမ်း သတ်ခြင်း ဆောင်ရွက်စဉ်။
မြင့်မြင့်ရီ

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၁၇)

## စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်တက္ကသိုလ်များတွင် မိုးလေဝသပညာ၏အရေးပါမှု(အပိုင်း - က)

*ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)*


ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးပညာသင် ကျောင်းများနှင့် ထိုနိုင်ငံများရှိ စိုက်ပျိုး၊ မွေးမြူ ဆက်စပ်တက္ကသိုလ်များတွင် အရေးပါလှသောမိုးလေဝသပညာ သင်ကြား၊ သုတေသနပြုနေမှု အခန်းကဏ္ဍကို ဆက်လက်ဆွေးနွေးပါမည်။


ဤဘာသာရပ်က မိမိတို့နိုင်ငံတွင် ဘာသာရပ်ပေါင်းစုံ၊ ဌာနပေါင်းစုံ လိုအပ်နေသော ဘာသာရပ်ကြီးဖြစ်ပါသည်။ မိုးခေါင်၊ ရေကြီး၊ မုန်တိုင်းတိုက်၊ အချိန်ခါမဟုတ် မိုးရွာသွန်းမှု စသည်တို့သည် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအပြင် ပြည်သူအားလုံးသိသင့်သော ပညာရပ်ဖြစ်ပါသည်။

**လက်တွေ့မိုးလေဝသပညာအရေးပါမှုနှင့် စီးပွားရေးဆိုင်ရာဆက်စပ်မှု**

- **စိုက်ပျိုးမွေးမြူရေး။** မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် မိုးရေချိန်၊ မုန်တိုင်းအခြေအနေ၊ မိုးခေါင်ခြင်း၊ ရေလွှမ်းခြင်းများကို ကြိုတင်ခန့်မှန်းနိုင်ခြင်းသည် စိုက်ပျိုးမွေးမြူရေးသမားများအတွက် အသက်သွေးကြောပင် ဖြစ်ပါသည်။ ကောက်ပဲသီးနှံ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တို့ကို ရာသီဥတုအခြေအနေအရ ညှိပေးနိုင်ပါသည်။
- **ကူးသန်းသွားလာရေးနှင့် ရေကြောင်းခရီး။** လေကြောင်းခရီးစဉ်များ၊ ရေကြောင်းသွားလာရေးအတွက် မိုးလေဝသခန့်မှန်းချက်များသည် အလွန်အရေးကြီးပါသည်။ ဆိုးရွားသော ရာသီဥတုဒဏ်မှ ရှောင်ရှားကာ လုံခြုံရေးနှင့်စီးပွားရေး ဆုံးရှုံးမှုကို လျှော့ချနိုင်ပါသည်။
- **ဘေးအန္တရာယ်ကာကွယ်ရေး။** ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များကိုကြိုတင်သတိပေးနိုင်ခြင်းဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်ပြီး ပစ္စည်းဥစ္စာ ဆုံးရှုံးမှုကို လျှော့ချနိုင်ပါသည်။

နိုင်ငံတကာတွင် တက္ကသိုလ်အချို့၌ မိုးလေဝသပညာသီးသန့် (B.Sc. Meteorology) အနေဖြင့် ဘွဲ့ပေးပါသည်။ သီးသန့်ဘွဲ့ မပေးသော်လည်း မိုးလေဝသ၊ ရာသီဥတုပညာ၊ စိုက်ပျိုးရေးမိုးလေဝသ (Agro-meteorology) စသည်တို့မှာ ဘာသာရပ်သီးခြားအနေဖြင့် သင်ကြားပေးလျက်ရှိနေပါသည်။ စာရေးသူ ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်၌ မဟာစိုက်ပျိုးရေးပညာ သင်တန်းတက်တုန်းက ဇီဝရာသီဥတုပညာ (Bioclimatology) ဘာသာရပ်ကို သီးသန့်ဘာသာရပ်အနေဖြင့် တက်ခဲ့ရဖူးပါသည်။




မိုးလေဝသနှင့် ဆက်စပ်ဘာသာရပ်များ။

- **ရာသီဥတုပညာဆိုသည်မှာ တစ်ဒေသ ဒေသအလိုက် ရာသီဥတုပုံစံများကို ရာစုနှစ်အထိ တာရှည်ကြာမြင့်စွာ လေ့လာသည့်ဘာသာရပ်ဖြစ်သည်။ ယင်းသည် ရှည်လျားသော အချိန်အတွင်း (အနည်းဆုံးနှစ် ၃၀) တည်ရှိနေသော ရာသီဥတုပုံစံများကို သိပ္ပံနည်းဖြင့် ဆန်းစစ်လေ့လာသောပညာဖြစ်**
- **မိုးလေဝသနှင့် ရာသီဥတုကြိုတင်ခန့်မှန်းချက် (Weather's Forcasting) ကြောင့် စစ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လေကြောင်းပို့ဆောင်ရေးနှင့် ဆက်စပ်အရာများ၊ ဆောက်လုပ်ရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုများနှင့် နောက်ဆုံး စိုက်ပျိုးမွေးမြူရေးပညာအထိ ထိရောက်စွာ အသုံးချနိုင်မှုက အရေးပါလာ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များအတွက် ဇီဝဖြစ်စဉ်နှင့်ဆိုင်သော ရာသီဥတုပညာ (Bioclimatology)၊ စိုက်ပျိုးရေးမိုးလေဝသပညာ (Agro-meteorology) တို့နှင့် သက်ဆိုင်လိမ့်မည်ထင်ပါသည်။ ဤဘာသာရပ်ကို ဌာနသီးသန့် မဟုတ်သည့်တိုင် ဘာသာရပ်တစ်ခုအနေဖြင့်သီးသန့် သင်ကြား သုတေသနပြုပေးနိုင်ပါက အကျိုးရှိမည်ဟု ထင်မြင်မိပါသည်၊

**မိုးလေဝသပညာ(Meteorology) ၏ အဓိပ္ပာယ်**

မိုးလေဝသပညာ ဆိုသည်မှာ ကမ္ဘာ့လေထုနှင့် မိုးလေဝသဖြစ်စဉ်များကို သိပ္ပံနည်းဖြင့် လေ့လာသည့် ဘာသာရပ်ဖြစ်သည်။ (The scientific study of the Earth's atmosphere, its physical processes, and phenomena, with a particular focus on understanding and forecasting the weather)။ ဤဘာသာရပ်သည် အနာဂတ်အတွက် မိုးလေဝသအခြေအနေများကို ခန့်မှန်းကြည့်ရှုရန် အဓိကထားသည်။ လေ့လာသောအရာများ/အချက်အလက်များမှာ အပူချိန်၊ မိုးရွာမှု၊ လေအရှိန်၊ စိုထိုင်းဆ၊ မိုးကြိုး၊ လျှပ်စီးလက်သံများစသည်တို့ဖြစ်ပါသည်။ **ရည်ရွယ်ချက်။** နေ့စဉ် သို့မဟုတ် သီတင်းပတ်အတွင်း မိုးလေဝသခန့်မှန်းချက် ပြုလုပ်ခြင်း ဖြစ်ပါသည်။

**ရာသီဥတုပညာ(Climatology)၏ အဓိပ္ပာယ်**

ရာသီဥတုပညာ ဆိုသည်မှာ တစ်ဒေသ ဒေသအလိုက် ရာသီဥတုပုံစံများကို ရာစုနှစ်အထိ တာရှည်ကြာမြင့်စွာ လေ့လာသည့် ဘာသာရပ်ဖြစ်သည်။ ယင်းသည် ရှည်လျားသော အချိန်အတွင်း (အနည်းဆုံး နှစ် ၃၀) တည်ရှိနေသော ရာသီဥတုပုံစံများကို သိပ္ပံနည်းဖြင့် ဆန်းစစ်လေ့လာသောပညာ ဖြစ်ပါသည်။

**ပါဝင်သောအရာများ။** တာရှည်အပူချိန်ပြောင်းလဲမှုများ၊ ပျမ်းမျှမိုးရွာနှုန်းများ၊ မိုးခေါင်မှုနှင့် ရေကြီးမှုဒဏ်များ၊ ရာသီဥတုခွဲခြားထားသောဒေသများ (Climate Zones)၊ ကမ္ဘာကြီးပူနွေးလာမှု (Global Warming) စသည်တို့ဖြစ်ပါသည်။

**ရည်ရွယ်ချက်။** လေထု၏ ရာသီဥတုဆိုင်ရာ ရေရှည်ဖြစ်ပေါ်၊ ကျရောက်နိုင်သည့် ပုံစံများကို နားလည်ရန်ဖြစ်သည်။

**မိုးလေဝသဘာသာရပ်များနှင့် ဆက်စပ်ဘာသာရပ်များ**

(က) မိုးလေဝသပညာ (Meteorology)

( ခ ) ရာသီဥတုပညာ (Climatology)

( ဂ ) ဇလဗေဒ (Hydrology) ဥပမာ - မြစ်ချောင်းများ ရေကြီးနစ်မြုပ်မှု၊ ရေခန်းခြောက်၍ ရေကြောင်းပို့ဆောင်ရေးအား စနစ်တကျ ညွှန်ကြားမှုကို လေ့လာခြင်း

(ဃ) ကမ္ဘာ့လေထုဆိုင်ရာသိပ္ပံပညာ (Atmospheric Science)

( င ) ပထဝီပညာ (Geography)

( စ ) ရူပဗေဒ (Physics)

(ဆ) သင်္ချာ (Mathematics) စသည့် ဘာသာရပ်များဖြစ်ပါသည်။

ထို့အပြင် မြေ၊ ရေ သိပ္ပံနှင့် အသုံးချဘာသာကြီးများ (Earth, Water Sciences and Applied Sciences) ဖြစ်သော-

( ဇ ) ဘူမိဗေဒ (Geology)

( ဈ ) သမုဒ္ဒရာပညာ (Oceanography)

(ည) နက္ခတ္တဗေဒပညာ (Astronomy) တို့ကို လည်း ဆက်စပ်လေ့လာရမည်ဖြစ်ပါသည်။

မိုးလေဝသနှင့် ရာသီဥတုကြိုတင်ခန့်မှန်းချက် (Weather's Forcasting) ကြောင့် စစ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လေကြောင်းပို့ဆောင်ရေးနှင့် ဆက်စပ်အရာများ၊ ဆောက်လုပ်ရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများနှင့် နောက်ဆုံး စိုက်ပျိုးမွေးမြူရေးပညာအထိ ထိရောက်စွာ အသုံးချနိုင်မှုက အရေးပါလာပါသည်။

*စာမျက်နှာ ၁၃ သို့*




စိုက်ပျိုးရေးမိုးလေဝသ သင်ကြားသုတေသနပြုရာဌာန - IARI, India

# ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်း အခမ်းအနားကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၃**

အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာမြေမုံရံသီ ကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏဝရဒါဌာဓာတု စေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ အကြိမ်(၃၀) မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား ပထမပိုင်းကို စွယ်တော်မြတ်စေတီတော်ဂန္ဓကုဋိတိုက်တော်၌ကျင်းပရာ စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ စွယ်တော်မြတ်စေတီအားရည်မှန်း၍ ဆရာတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်ပြီး စွယ်တော်မြတ်နှင့် မုဒြာကိုးမျိုး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ရွှေကြာသင်္ကန်းများ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ကပ်လှူကြသည်။

ယင်းနောက် ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခြင်းကိုစွယ်တော်မြတ် စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ ဘုရားအမှူးပြုသော နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်နှင့် သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးနေသူများအား ကွင်းဆင်းဆောင်ရွက်ပေး

**တာချီလိတ် နိုဝင်ဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံးနေသူများအား ယမန်နေ့က လွယ်တော်ခမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာချီလိတ်မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများက လွယ်တော်ခမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံးနေသူ ၄၇ ဦးအား လိုအပ်သော သက်သေခံအထောက်အထားများနှင့် စာရွက်စာတမ်းများစိစစ်၍ Biometric Data ကောက်ယူပြီး UID ကတ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း**

**(ပြန်/ဆက်)**



# ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေ ပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၄၀၃ ဧကရှိသော နယ်မြေကို “ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တော” အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၂) ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ် ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဒီရေတောပင်များသည် ကပ္ပလီပင်လယ်ပြင်မှဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် တားဆီးကာကွယ်ပေးနိုင်ရန်နှင့် ဂေဟစနစ် တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသည့်ရေသယံဇာတများ အစဉ်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျော စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်လေထုမှ ကာဗွန်များစွာသိုလှောင်ထိန်းညှိပေးနိုင်ရန်၊ လူသားတို့၏ စနစ်မကျသော မြေအသုံးချမှုများအား သစ်တောဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။



ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ငှက်(ခ)နံ့ဖြူး၊ ကနစို၊ လန်းဘဲ၊ ကျနု၊ ပင်လယ်အုန်း၊ ကဗျိုင်၊ ဘူးဇရပ်၊ လမု၊ သမဲ့၊ မဒမပင်၊ ခရာ၊ ဇလိပ်နွယ်နှင့် တမော်စသည့် ဒီရေတောပင်များပေါက်ရောက်မှုအား ရေရှည်တည်တံ့စေရန် ကာကွယ်နိုင်ခြင်း၊ ရေငန်ငါးအမျိုးမျိုး၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ဗျိုင်း၊ ဗျိုင်းအောက်၊ ကြက်တူရွေး၊ သိန်းငှက်၊ ပန်းဇင်ငှက်၊ ငှက်စလုံ (ဒင်ကျီးငှက်) နှင့် ငှက်တိုးငှက်မျိုးများ ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်ခြင်း၊ ဒေသခံများအတွက် ဆူနာမီမုန်တိုင်း အစရှိသော သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေခြင်း၊ သား၊ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ပွားရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ မျော၊ ထင်းလောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်းတို့ကြောင့် ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်း ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၂ မှ*

ထိုမှတစ်ဆင့် အသေးစိတ်၍ ဇီဝရာသီဥတုပညာ/ ဇီဝမိုးလေဝသပညာ ဘာသာခွဲ (Bio-climatology/ Biometeorology)၊ စိုက်ပျိုးရေးမိုးလေဝသပညာဘာသာခွဲ (Agro-meteo rology/Agricultural Meteorology) စသည်တို့ လေ့လာသင်ယူ၊ သုတေသနပြုရန် လိုအပ်လာပါသည်။

**စာရေးသူ၏အတွေးတစ်စ**

လက်ရှိ မိမိတို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ၌ ရှိနေသော အခြေခံသိပ္ပံဘာသာရပ်များ (Basic Sciences in Agriculture Universities)၏သင်ကြား၊ သုတေသနပြုနေမှုကို အဆင့်မြှင့်တင်ရန် လိုအပ်မည်ဟူ၍ အကြံပြုလိုပါသည်–

(က) ပထမဦးဆုံး မိုးလေဝသဘာသာနှင့် ဆက်စပ်ဘာသာရပ်တစ်ခုဖြစ်သော ရူပဗေဒ ဖြစ်ပါသည်။ စာရေးသူတို့ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ စိုက်ပျိုးရေးသုတေသန တက္ကသိုလ် (IARI – Indian Agricultural Research Institute)သို့ လေ့လာရေးခရီးသွားရောက်ခဲ့စဉ်က တွေ့ရှိခဲ့ရသော စိုက်ပျိုးရေးဆိုင်ရာ ရူပဗေဒဌာနကြီး (Division of Agricultural Physics) ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သော ဤဌာနကြီးသည် အထူးပြုဘာသာရပ် လေးခုကို သင်ကြား၊ လေ့လာ၊ သုတေသနပြုလျက်ရှိပါသည်။ ယင်းတို့မှာ –

(က–၁) မြေဆီလွှာရူပဗေဒ (Soil Physics)

(က–၂) အပင်ဇီဝရူပဗေဒ (Plant Biophysics)

(က–၃) ပတ်ဝန်းကျင်ဆိုင်ရာရူပဗေဒ (Environmental Physics)နှင့်

(က–၄) စိုက်ပျိုးမွေးမြူရေးဆိုင်ရာမိုးလေဝသပညာ (Agricultural Meteorology) တို့ ဖြစ်ပါသည်။

သုတေသနနယ်ပယ်များမှာ – စိုက်ပျိုးရေးဆိုင်ရာ ရူပဗေဒ၊ ရာသီဥတုပြောင်းလဲမှု၊ သီးနှံရာသီဥတု ဆက်စပ်မှု၊ သီးနှံကြီးထွားပုံ– ပုံစံငယ်ပြုလုပ်ခြင်း နည်းပညာ၊ ဇီဝနှင့် အပင်ရူပဗေဒ၊ မြေဆီလွှာဆိုင်ရာ အချက်အလက်များ၊ ပထဝီအချက်အလက်နည်းစနစ်၊ အပင်များကို အဝေးမှ အာရုံခံခြင်းနည်းပညာ၊ သဘာဝဘေးဒဏ်စီမံခန့်ခွဲမှု၊ သီးနှံအထွက် ခန့်မှန်းစနစ် ပုံစံနည်းပညာ၊ အလွန်အသေးစိတ်သော မိုးလေဝသပညာ၊ နာနိုနည်းပညာ၊ ဒရုန်းနည်းပညာ၊ ဇီဝအာရုံခံနည်းပညာများ စသည်ဖြင့် ဘာသာရပ်ပေါင်းစုံလင်လှပါသည်။

ဆိုလိုသည်မှာ စိုက်ပျိုးရေးဆိုင်ရာ ရူပဗေဒပညာရှင်ပေါင်းစုံက စိုက်ပျိုးရေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နည်းတစ်လမ်းအားဖြင့် ထောက်ပံ့ကူညီနေကြခြင်းဖြစ်ပါသည်။ ဤတက္ကသိုလ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနကြီး (Division of Agricultural Engineering) ကလည်း အင်ဂျင်နီယာပေါင်းစုံ ဌာနကြီးဖြစ်နေ၍ မိုးလေဝသပညာအတွက် အထောက်အကူပြုပေးနေပါသည်။ စိုက်ပျိုးရေးတက္ကသိုလ်အပါအဝင် မြန်မာနိုင်ငံတက္ကသိုလ် အများစုတွင် ဘာသာရပ်စုံသင်ကြားပေးသောတက္ကသိုလ်များဖြစ်ရန် ဖွဲ့စည်းပုံ ပြင်ဆင်ဆောင်ရွက်ရပါဦးမည်။

**(မိုးလေဝသဆိုင်ရာဘာသာရပ်များအကြောင်း နောက်ဆောင်းပါးများတွင် ဆက်ပါဦးမည်။)**

## ဟန္နိုင်းမြို့၌ နိုင်ငံတကာ အစားအစာယဉ်ကျေးမှုပွဲတော်ကျင်းပ

**ဟန္နိုင်း နိုဝင်ဘာ ၂၃**

၂၀၂၅ ခုနှစ် နိုင်ငံတကာ အစားအစာယဉ်ကျေးမှုပွဲတော်ကို ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပပြီး ကမ္ဘာတစ်ဝန်းမှ အစားအစာချက်ပြုတ်ပြင်ဆင်မှု အနုပညာများကို ပြောင်မြောက်စွာပြသခဲ့သည်။

**နှစ်စဉ်ကျင်းပပေး**

"ကမ္ဘာ့တိုက်ကြီးငါးတိုက်ဆီသို့ ခရီးနှင်ခြင်း- အရသာခရီးစဉ်" ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အဆိုပါပွဲတော်ကို ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်ရှိ သံတမန်များဆိုင်ရာ ဝန်ဆောင်မှုဌာနက နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။

**အစီအစဉ်များစွာရှိ**

ယခုနှစ်ပွဲတော်တွင် အစီအစဉ်များစွာရှိပြီး ယဉ်ကျေးမှုဖလှယ်ရေး၊ အပြည်ပြည်ဆိုင်ရာစည်းလုံးညီညွတ်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တန်ဖိုးများကို အလေးပေးဖော်ဆောင်ထားသည်။

**ဧည့်သည် ၂၀၀၀၀ ခန့် တက်ရောက်**

အဆိုပါပွဲတော်တွင် သံရုံး ၅၀ မှ ပြခန်း ၁၂၈ ခန်း၊ ဒေသခံသံတမန် အဖွဲ့အစည်း ၂၀ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဌာနခွဲရှစ်ခုတို့က ပါဝင်ပြသခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအပါအဝင် ဧည့်သည် ၂၀၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **ဆင်ဟွာ**



ဟန္နိုင်းမြို့ နိုင်ငံတကာအစားအစာယဉ်ကျေးမှုပွဲတော်သို့ လာရောက်ကြသူများကို တွေ့ရစဉ်။

## ခရိုအေးရှားနိုင်ငံ၌ ဆီးနှင်းများ ပြင်းထန်စွာကျဆင်း ယာဉ်အသွားအလာများ ရပ်ဆိုင်းသွား

**ဇာဂရက် နိုဝင်ဘာ ၂၃**

ခရိုအေးရှားနိုင်ငံ၌ နိုဝင်ဘာ ၂၂ ရက်က ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့် လမ်းများ၊ တံတားများနှင့် ဖယ်ရီလိုင်းများ ပိတ်ထားရပြီး ယာဉ်အသွားအလာများရပ်ဆိုင်းသွားခဲ့ရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် နိုင်ငံအနောက်ဘက်ပိုင်းရှိ ကာ့ခ် တံတားအနီး ကားပါကင်တွင် ရပ်နားထားသည့် စခန်းချကား တစ်စီး တိမ်းမှောက်ခဲ့ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံ၏ မိုးလေဝသဌာနသည် အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

မလိုအပ်ဘဲ ခရီးမသွားကြရန်နှင့် ခရီးသွားပါက ဆောင်းတွင်းကိရိယာအပြည့်အစုံနှင့် လမ်းအခြေအနေပေါ်လိုက်၍ အမြန်နှုန်းထိန်းညှိကြရန်၊ တရားဝင်သတင်းလိုင်းများမှတစ်ဆင့် ယာဉ်ကြောအခြေအနေကို ပုံမှန်စောင့်ကြည့်ကြရန် ခရိုအေးရှား မော်တော်ကားအသင်းက ယာဉ်မောင်းများကို သတိပေးချက် ထုတ်ပြန်ခဲ့သည်။

နိုင်ငံတစ်ဝန်း ဆီးနှင်းများ ကျဆင်းနေစဉ် ခရိုအေးရှားနိုင်ငံအနောက်ပိုင်း ဒယ်လ်နစ်မြို့တွင် နှင်းထု အထူမှာ ၉ စင်တီမီတာရှိသည်ဟု ခရိုအေးရှားရေဒီယိုရုပ်သံက ဖော်ပြခဲ့သည်။

နိုင်ငံတစ်ဝန်း နှင်းများနှင့် လေပြင်းများ တိုက်ခတ်မှုကြောင့် လမ်းများနှင့် အများပြည်သူဆိုင်ရာနေရာများတွင် သစ်ပင်များလဲခြင်း၊ နေအိမ်ခေါင်မိုးများ ပျက်စီးခြင်း၊ တယ်လီဖုန်းနှင့် ဓာတ်အားလိုင်းတိုင်များ ပြိုကျခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ဟု ခရိုအေးရှား ရေဒီယိုရုပ်သံသတင်းတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



## ကမ္ဘာလုံးဆိုင်ရာ ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးညီလာခံက သဘာဝပတ်ဝန်းကျင်နှင့်တာဝန်ခံမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်

**ဂျီနီဗာ နိုဝင်ဘာ ၂၃**

ကမ္ဘာလုံးဆိုင်ရာ ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးညီလာခံကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပပြီးစီးခဲ့ပြီး အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဆေးရွက်ကြီး ထိန်းချုပ်ရေး မူဘောင်အောက်ရှိ ညီလာခံအဖွဲ့ဝင်များ၏ ၁၁ ကြိမ်မြောက် အစည်းအဝေး COP11 ဆွေးနွေးပွဲကာလအတွင်း သဘာဝပတ်ဝန်းကျင်နှင့် ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။

ခြောက်ရက်ကြာကျင်းပသည့် အစည်းအဝေးကာလအတွင်း ဆေးလိပ်၊ ဆေးရွက်ကြီး နီကိုးတင်းထုတ်ကုန်များနှင့် အီလက်ထရောနစ် ကိရိယာများ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအပါအဝင် ဆေးလိပ်၊ ဆေးရွက်ကြီး သဘာဝပတ်ဝန်းကျင်နှင့်ကျန်းမာရေး ထိခိုက်မှုတို့ကို ကာကွယ်ရန် အဓိကထားဆွေးနွေးခဲ့ကြသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် နီကိုတင်း ထုတ်ကုန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများသည် သဘာဝဝန်းကျင်ကို ထိခိုက်စေပြီး ပြည်သူ့ကျန်းမာရေးအတွက် ဆိုးကျိုးများ သက်ရောက်စေသည်ဟု ထည့်သွင်းစဉ်းစားရန် ညီလာခံအဖွဲ့ဝင်များကို ဖိတ်ကြားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုခဲ့သည်။

ကုလသမဂ္ဂ အဆောက်အအုံအတွင်းနှင့် အဆောက်အအုံအပြင်ဘက်ရှိ နေရာများတွင် ဆေးလိပ်ထုတ်ကုန်များနှင့် အခြားနီကိုတင်းထုတ်ကုန်များကို သုံးစွဲခြင်းနှင့် ရောင်းချခြင်းကို အပြည့်အဝတားမြစ်ရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်ကိုလည်း ချမှတ်ခဲ့သည်။ **ဆင်ဟွာ**

## အာဖဂန်ဒုက္ခသည် ၁၂၀၀၀ ခန့် တစ်ရက်တည်း နေရပ်သို့ပြန်ရောက်

**ကဘူးလ် နိုဝင်ဘာ ၂၃**

အိမ်နီးချင်းအီရန်နှင့် ပါကစ္စတန်မှ အာဖဂန်မိသားစု ၂၁၀၂ စုမှ မိသားစုဝင် ၁၁၈၅၅ ဦးသည် နိုဝင်ဘာ ၂၂ ရက်က ၎င်းတို့၏ ဇာတိမြေသို့ ပြန်လည်ရောက်ရှိလာကြကြောင်း အာဖဂန်နစ္စတန်၏ နေရပ်ပြန်များ ပြန်လည်နေရာချထားရေးဆိုင်ရာ ကော်မရှင်က နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

အဆိုပါ ကော်မရှင်သည် ပြန်လာသူများအတွက် ယာယီအမိုးအကာ၊ အစားအစာ၊ ရေ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် အာဖဂန်ဒုက္ခသည် ခြောက်သန်းခန့်သည် ပြည်ပတွင်ရောက်ရှိနေပြီး ၎င်းတို့အနက်အများစုမှာ နိုင်ငံကူးလက်မှတ် မှတ်ပုံတင်ထားခြင်း မရှိသူများဖြစ်ပြီး အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့၌ အများဆုံးရောက်ရှိလျက်ရှိသည်။ **ဆင်ဟွာ**

## မလေးရှားမြောက်ပိုင်း၌ ရေကြီးမှုကြောင့် လူ ၅၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၃**

မလေးရှားနိုင်ငံ၌ ရေကြီးမှုကြောင့် လူပေါင်း ၅၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အဆိုးရွားဆုံးထိခိုက်ခဲ့ရသည့်နေရာမှာ မြောက်ပိုင်းဒေသ ကီလန်တန်ပြည်နယ်တွင်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်သည်။

ရက်ပေါင်းများစွာ မိုးသည်းထန်စွာရွာသွန်းမှုကို ကြုံတွေ့ခဲ့ရသော ကီလန်တန်ပြည်နယ်တွင် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရသူ ၅၁၄၂ ဦးရှိပြီး ရေဘေးကယ်ဆယ်ရေးစခန်း ၂၆ ခုတွင် ဖွင့်လှစ်ထားရသည်။ အိမ်နီးချင်း တီရန်ဂါနူးပြည်နယ်တွင်လည်း ဒေသစံတော်ချိန် ညနေ ၃ နာရီအထိ ရေကြီးမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့သူ ၅၂၈ ဦးရှိကြောင်း မလေးရှားနိုင်ငံ၏ လူမှုဖူလုံရေးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

## နီပေါနိုင်ငံ၌ လက်ရှိဘဏ္ဍာနှစ် ပထမလေးလအတွင်း နိုင်ငံခြားကုန်သွယ်မှုမြင့်တက်

**ခတ္တမန္ဒူ နိုဝင်ဘာ ၂၃**

နီပေါနိုင်ငံသည် လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမလေးလအတွင်း နိုင်ငံခြားကုန်သွယ်မှု ဆက်လက် မြင့်တက်လျက်ရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၂၄ ဒသမ ၁၈ ရာခိုင်နှုန်း မြင့်တက်မှုရှိကြောင်း အစိုးရအေဂျင်စီတစ်ခုက နိုဝင်ဘာ ၂၃ ရက်တွင် ပြောသည်။



ဇူလိုင်လလယ်နှင့် နိုဝင်ဘာလလယ်ကြားတွင် ပို့ကုန်နှင့် သွင်းကုန်နှစ်မျိုးစလုံးမြင့်တက်မှုရှိခဲ့ပြီး ကုန်သွယ်မှုပမာဏ စုစုပေါင်း နီပေါရူပီး ၇၀၂ ဒသမ ၉၄ ဘီလီယံအထိရှိခဲ့ကြောင်း၊ ယခင်ဘဏ္ဍာနှစ် အလားတူကာလတွင် ရူပီး ၅၆၆ ဒသမ ၀၅ ဘီလီယံသာရှိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာန၏ ဖော်ပြချက်အရ သိရသည်။ **ဆင်ဟွာ**




KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား မဖြိုဖျက်မီ တွေ့မြင်ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ဝင်ရောက်နေထိုင်သူများ၏ အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေစဉ်။




KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား ဖြိုချဖျက်ဆီးထားရှိမှုကို တွေ့မြင်ရစဉ်။






KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကို တွေ့မြင်ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများအား ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းရရှိစဉ်။




KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကို တွေ့မြင်ရစဉ်။





တရားမဝင် ဝင်ရောက်နေထိုင်သူများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းနိုင်ရေး လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်နေစဉ်။

◆ *ကျောဖုံးမှ*

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၆ ရက်မြောက်နေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ အဆောက်အအုံ ၃၃ လုံးအတွင်း ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့အသုံးပြုသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်းယူဆောင်သွားကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်း နေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၆၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ရှစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား လေးဦး၊ အင်ဒိုနီးရှားနိုင်ငံသား ခြောက်ဦး၊ ယူဂန်ဒါနိုင်ငံသား ခြောက်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၂၀၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား သုံးဦး၊ ထိုင်းနိုင်ငံသား ငါးဦး၊ ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား တစ်ဦး၊ ဘီနင်နိုင်ငံသား တစ်ဦး၊ ဘူယွန်ဒီနိုင်ငံသား ရှစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦး၊ စင်ကာပူနိုင်ငံသား တစ်ဦး စုစုပေါင်း ၁၅၆ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ် ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၇၄၆ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၈၉၃ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀၊ starlink ဗန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၈၈ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၅၈၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၁၄၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇိုမီးအမျိုးသားပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၃

**ဇိုမီးအမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်ကိုင်းအင်းကျိန် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**မင်္ဂလာပါရှင့်**

ကျွန်မနာမည် ဒေါ်ကိုင်းအင်းကျိန် ဖြစ်ပါတယ်ရှင့်။ လက်ရှိ ပါတီတာဝန်ကတော့ ဇိုမီးအမျိုးသားပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး ဖြစ်ပါသည်။ ယခုချိန်မှစ၍ ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါသည်။ ဇိုမီးမိဘပြည်သူများရှင့် ... မကြာမီ စတင်ကျင်းပပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲ၌ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီသည်လည်း လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းထောက်ခံ ရပ်တည်ပေးနိုင်ရန် ပထမဦးစွာ တင်ပြလိုပါသည်။ လာမည့် အထွေထွေရွေးကောက်ပွဲတွင် မိဘပြည်သူများ ဆုံးဖြတ်ချက်မမှားစေရန်နှင့် ဇိုမီးတိုင်းရင်းသားများ နောက်ကောက်မကျန်ရစ်စေရန်အတွက် အချိန်မီပြင်ဆင်သင့်သည်များ ပြင်ဆင်နိုင်ဖို့လည်း အသိပေးနှိုးဆော်လိုပါသည်။ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် တည်ဆဲဥပဒေဘောင်များအတွင်း၌သာ အဖြေရှာနိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

ထို့အပြင် ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ နိုင်ငံရေးသဘောထား ရပ်တည်ချက်များမှာ ဇိုမီးတိုင်းရင်းသားများအပါအဝင် မြန်မာပြည်တွင် မှီတင်းနေထိုင်သော တိုင်းရင်းသားအားလုံးတို့၏ နိုင်ငံရေးအရ တန်းတူညီမှုရရှိဖို့နဲ့ အနှစ်သာရပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာ အင်အားစုအသီးသီးတို့နဲ့ လက်တွဲအကောင်အထည်ဖော် တည်ဆောက်ဖို့ ကြိုးစားဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း တင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။

**အခြေခံမူများ**

(၁) ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်မြှင့်တင်ရေး။

(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ပီပြင်စွာပေါ်ထွန်းရေးအတွက် အခြားသော ညီအစ်ကိုတိုင်းရင်းသားများနှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး။

(၃) ဇိုမီးတိုင်းရင်းသားများ၏ ဥစ္စာဓန၊ အမိမြေ၊ ကိုးကွယ်သည့် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများအား ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်၊ မြှင့်တင်ရေး။

(၄) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာသော လူ့အသိုက်အဝန်း တည်ဆောက်ရေးနှင့် လွတ်လပ်ရေး အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေး။

(၅) မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဇိုမီးတိုင်းရင်းသားများအား ကိုယ်စားပြု အရေးဆိုနိုင်ရေးတို့ ဖြစ်ပါသည်။

ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ အဓိကရည်ရွယ်ချက်များကိုလည်း ဆက်လက်တင်ပြသွားမှာ ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

(၁) ဇိုမီးတိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်ရေးရရှိအောင် ဆောင်ရွက်သွားမယ်။

(၂) အခြေခံလူ့အခွင့်အရေးများရရှိရေးနှင့် ဒီမိုကရေစီ အခွင့်အရေးကြောင့် လူနည်းစု၏ အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး ထိခိုက်ဆုံးရှုံးမှုမရှိဘဲ အထိအခိုက်မရှိအောင် ဆောင်ရွက်မယ်။

(၃) အမိမြန်မာနိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုပြီး တိုးတက်မြင့်မားရေး ကြိုးပမ်းမယ်။

(၄) ဇိုမီးတိုင်းရင်းသားများ ဘိုးဘွားစဉ်ဆက်နေထိုင်သည့် ဒေသများနှင့် ဆက်စပ်တဲ့ဒေသအားလုံး တစ်ပြေးညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမယ်။

(၅) လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းမယ်။

(၆) ဇိုမီးဒေသအတွင်း ထွက်ရှိသော သဘာဝသယံဇာတများ၏ ထိုက်သင့်သော အကျိုးခံစားခွင့်များကို ဇိုမီးတိုင်းရင်းသားများ ရရှိအောင် ကြိုးစားဖော်ဆောင်မယ်။

(၇) ဇိုမီးဒေသအတွင်းရှိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ထိုလမ်းကြောင်းများမှရရှိသော အခွန်အခ (သို့မဟုတ်) အကောက်ခွန်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရဒေသများရှိပြည်သူများ သာတူညီစွာရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

တစ်ဆက်တည်းတွင် ဆက်လက်၍ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း မိဘပြည်သူများ သိရှိနိုင်ပါရန် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သော ပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီအခွင့်အရေးကို ထောက်ခံကာကွယ်ရေး။

(၂) တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေး၊ တရားမျှတသော တန်းတူအခွင့်အရေးရရှိရေး စသည်တို့ကို အခိုင်အမာတည်ဆောက်ရင်း၊ ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး။

(၃) လွတ်လပ်၍ ပွင့်လင်းသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးရင်း ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး။

(၄) နိုင်ငံသားတိုင်းနှင့် လူနည်းစုများ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများနှင့် မိမိလိုချင်သည့် အသက်မွေးဝမ်းကျောင်းပညာအရပ်ရပ်တို့အား လွတ်လပ်စွာ လေ့လာဆည်းပူးနိုင်ရေးအတွက် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရေးတို့ဖြစ်ပါသည်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတင်ပြလိုတာကတော့ ဇိုမီးမိဘပြည်သူများအနေဖြင့် သိထားရမည်မှာ အခြားသော သက်ဆိုင်ရာ တိုင်းရင်းသားညီအစ်ကိုအသီးသီးတို့သည်လည်း မိမိတို့တိုင်းရင်းသားလူမျိုးကို ကိုယ်စားပြုသောပါတီကိုသာလျှင် ထောက်ခံဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ကြမည်မှာ ဧကန်မလွဲဖြစ်ပါသည်။ ထို့ကြောင့် ဇိုမီးမိဘပြည်သူများအနေဖြင့်လည်း ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်မယ့် မိမိတို့လူမျိုးကို ကိုယ်စားပြုသည့် ဇိုမီးအမျိုးသားပါတီကိုသာ ထောက်ခံဆန္ဒမဲပေး ရွေးကောက် တင်မြှောက်ကြပါရန် ကျွန်မအနေဖြင့် အလေးအနက်ထားနှိုးဆော်တိုက်တွန်းချင်ပါတယ်ရှင့်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

## မိုင်းယောင်း၌ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး

**မိုင်းယောင်း နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေသည် မြို့နှင့် အလှမ်းဝေးပြီး သွားလာရခက်ခဲသော ဟွေဖ(ပေါ်)ကျေးရွာ၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ယနေ့တွင် အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဟွေဖအုပ်စု ဟွေဖ(ပေါ်)ကျေးရွာသည် မြို့နှင့် အလှမ်းဝေးပြီး သွားလာရခက်ခဲသော တောင်ပေါ်ကျေးရွာ ဖြစ်သည့်အတွက် မဲစာရင်း ပါဝင်စေရေး၊ MEVM စက်ဖြင့် မဲပေးပုံအဆင့်ဆင့် စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုက မိခင်နှင့်ကလေးဆိုင်ရာ အသိပညာပေးကာ အာဟာရအတွက် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ဘီးလင်းမြို့နယ်၌ MEVM မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်

**ဘီးလင်း နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ MEVM မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အထက (ဘီးလင်း)ကျောင်း ပညာ့အားမာန်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မွန်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မြင့်က အမှာစကား ပြောကြားပြီး MEVM မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက MEVM မဲပေးစက် အသုံးပြုရန် လက်တွေ့သင်ကြားမှုအား လိုက်လံကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ MEVM မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်

**ကျိုက်ထို နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ MEVM မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးသက်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်နန္ဒာရည်ကျော် က MEVM မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက MEVM မဲပေးစက် အသုံးပြုရန် လက်တွေ့သင်ကြားမှုအား လိုက်လံကြည့်ရှုခဲ့ကြသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

## သာယာဝတီခရိုင်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ လက်တွေ့စမ်းသပ်မဲပေး

**သာယာဝတီ နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို နိုဝင်ဘာ ၂၁ ရက်က ဆောင်ရွက်ခဲ့သည်။

မြန်မာ အီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့်မဲပေးတတ်စေရန် ခရိုင်/မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက မြန်မာ အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အသုံးပြုနည်းများကို ရှင်းလင်းပြောကြားခဲ့ရာ ပင်စင်ထုတ်ယူရန် လာရောက်သည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများက သိရှိလိုသည်များကို မေးမြန်းပြီး မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာ ကျောင်းသစ်ကျောင်း ဘုန်းကြီးကျောင်း၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၀၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၅ ဦး၊ ခွဲစိတ်ရောဂါ ၄၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၁၀၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၈၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၃ ဦး၊ ခတ်မှန်ရိုက်လူနာ သုံးဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများက ငပုတောမြို့နယ် ကန့်မလာကျေးရွာနေ ဦးကျော်ဇင်ဝင်း၏ ဇနီး ဒေါ်ဥမ္မာမြင့်၏ ကိုယ်ဝန်ကို ညနေ ၄ နာရီ ၈ မိနစ်တွင် ၇ ပေါင် ၈ အောင်စရှိ သမီးဦးရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။

၎င်း ကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း စတုတ္ထအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ (၁၈)ကြိမ်မြောက်အထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု (၁၉) ကြိမ်မြောက်တွင် ၂၃ ဦးမြောက်၊ ၂၄ ဦးမြောက်၊ ၂၅ ဦးမြောက်နှင့် ၂၆ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။







ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါသည်-

၁။ သားဦးဆိုတော့ ပိုပြီးတော့လည်း ဝမ်းသာတာပေါ့။ ရွာက အမျိုးတွေကိုလည်း ပြန်ပြောပြမှာပေါ့။ ဘယ်လောက်ဝမ်းသာတယ်၊ ကျွန်တော့်ရင်ထဲ ဘယ်လို ခံစားရတယ်ဆိုတဲ့ဟာတွေကိုပေါ့။ သံလွင်သင်္ဘောကြီးမှာရှိတဲ့ ဆရာဝန်တွေ ၊ သူနာပြုတွေ၊ ဆရာမတွေ အကုန်လုံးကို ဒီကို လာမွေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျန်းမာရေးမကောင်းဖြစ်တဲ့လူတွေ ပြီးတော့ မျက်စိ၊ နား၊ နှာခေါင်းကအစ အကုန်လုံးကို ခန္ဓာကိုယ်မှာ ချို့ယွင်းမှုရှိတဲ့ဟာမှန်သမျှကို သံလွင်သင်္ဘောကြီးမှာ အားလုံးကုလို့ရပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

၂။ ကျွန်မ အမျိုးသားက လှမ်းပြီးတော့ ဖုန်းဆက်တာပါ။ ဒီမှာဆေးကုတဲ့ သင်္ဘောလာမယ်။ အဲဒါကြောင့်မို့လို့ လာပြပါလား။ လှမ်းခေါ်တဲ့အတွက် လာတာပါ။ Ultrasound ရိုက်ချင်တယ်၊ အထဲက ကလေးဘယ်လိုနေလဲဆိုတာ သိချင်တဲ့အတွက် လာပြလိုက်တာပါ။ ဖော်ဖော်ရွေရွေရှိတယ်။ လူနာအပေါ် စိတ်ရှည်တယ်။ နယ်ဘက်တွေကလည်း လာပြကြတယ်။ ကျွန်မရဲ့ ယောက္ခမဆိုလည်း တစ်ခါလာပြဖူးတယ်လေ သူပြောတာတော့ ကောင်းတယ်။ အမြဲတမ်းလာပြီးတော့ ကုသစေချင်တယ်။ အကုန်လုံးအတွက် အားလုံး အဆင်ပြေပါတယ်။ **သတင်းစဉ်**

# သာယာဝတီမြို့နယ်၌ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို သုံးဆယ်မြို့ စံရွေးတန်းလမ်းရှိ မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးချစ်ဟန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွဋ်က ပဲခူးတိုင်းသမဝါယမဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သာယာဝတီမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အုပ်ချုပ်မှုဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးက ဖတ်ကြားတင်ပြပြီး အသင်းသား၊ အသင်းဝင်များ၏ အစုပေါ်အမြတ်ငွေများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော်ဖုံးမှ*


မန်စီးတီးအသင်းသည် အဓိကတိုက်စစ်ကစားသမား ဟာလန်း၊ ချာကီနှင့် ဒိုကူတို့ ဦးဆောင်ကာ နယူးကာဆယ်အသင်းကို ရင်ဆိုင်လာသော်လည်း အဆုံးသတ် သွင်းယူမှုပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့သည်။

နယူးကာဆယ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုပိုင်း အသာမရခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှုပိုင်းနှင့် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှုပိုင်းတွင် အသာရခဲ့သည်။ ထို့အပြင် နယူးကာဆယ်အသင်းသည် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့သောကြောင့် စိန့်ဂျိမ်းစ်ပတ်ခ်ကွင်း၌ ခြောက်ပွဲဆက်နိုင်ပွဲရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပြိုင်ဘက်မန်စီးတီးအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နိုင်ပွဲဆက်မှုမှတ်တမ်း ရပ်တန့်ခဲ့ရသည်။

ယခုနှစ်ရာသီတွင် အိမ်ကွင်းစွမ်းဆောင်ရည်ကောင်း ပြသထားနိုင်သည့် နယူးကာဆယ်အသင်းသည် ယခုပွဲစဉ်တွင်လည်း ထပ်မံခြေစွမ်းကောင်းပြသကာ အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် အိမ်ကွင်းခြောက်ပွဲတွင် နိုင်ပွဲလေးပွဲရှိလာပြီဖြစ်သည်။ သို့သော်လည်း အဝေးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ခြောက်ပွဲတွင် နိုင်ပွဲရရှိထားခြင်းမရှိဘဲ သုံးပွဲသရေနှင့် သုံးပွဲ ရှုံးနိမ့်ထားသည်။ နယူးကာဆယ် အသင်းသည် ပရီမီယာလိဂ် ၁၂ ပွဲကစားပြီး လေးပွဲနိုင်၊ သုံးပွဲသရေနှင့် ငါးပွဲရှုံးရလဒ် ရရှိထားသည်။ ပြိုင်ဘက်မန်စီးတီးအသင်းက ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် လေးပွဲရှုံးရလဒ် ရရှိထားသည်။

အခြားပွဲစဉ် ရလဒ်များတွင် ဘရိုက်တန်က ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဖူလ်ဟမ်က ဆန်းဒါးလန်းကို တစ်ဂိုး-ဂိုးမရှိ၊ နော့တင်ဟမ်ဖောရက်စ်က နာမည်ကြီး လီဗာပူးကို သုံးဂိုး-ဂိုးမရှိ၊ ခရစ္စတယ်ပဲလေ့စ်က ဝုဖ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့ပြီး ဘုန်းမောက်နှင့် ဝက်စ်ဟမ်းအသင်း ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**




❖ *ကျော်ဖုံးမှ*

နိုဝင်ဘာ ၂၄ ရက်တွင် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းပါရှိနိုင်ရေး ဆောင်ရွက်ပေးရန် မှာကြား

**ပဲခူး နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း MEVM မဲပေးစက်ဖြင့် မဲပေးခြင်းသရုပ်ပြသနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ မြို့သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ် မဲစာရင်းထုတ်ပြန်ကြေညာထားရှိမှုနှင့် ပုညနိမ္မိတ ဓမ္မာရုံကြီး၌ MEVM မဲပေးစက်ဖြင့် မဲပေးခြင်း သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကာ မြို့နယ်/ဒေသအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းပါရှိနိုင်ရေး အထူးအလေးထား ဆောင်ရွက်သွားရန်နှင့် မဲရုံများအလိုက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပဲခူးမြို့နယ် ကမာနက်ကျေးရွာကုန်ထုတ်လမ်း ပေ ၅၀၀ နှင့် ရေပြွန်တည်ဆောက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထွက်ရှိလာသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ လွယ်ကူလျင်မြန်စွာ ရောက်ရှိစေရေး၏ အခြေခံသည် ကုန်ထုတ်လမ်းများဖြစ်၍ စိုက်ပျိုးရာသီအမီ အမြန်ဆုံးဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ကမာနက်ကျေးရွာတွင်းလမ်း အရှည်ပေ ၂၂၀၀ ကွန်ကရစ်လမ်းခင်းပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ကျေးရွာတွင်းလမ်းဖြစ်၍ လမ်းဘေးရေမြောင်း ထည့်သွင်းတည်ဆောက်ရန်၊ ကျေးရွာအတွင်း ရေဝင်/ရေထွက်ပေါက်များ ပြန်လည်စစ်ဆေးရန်နှင့် လမ်းဧရိယာအတွင်း ကျူးကျော်မှုများမရှိစေရေး မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် ရွှေတန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၅ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနေမှုကို ကွင်းဆင်းကြည့်ရှု၍ ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ပေးခြင်းနှင့်ပတ်သက်၍ ကျေးရွာသူ ကျေးရွာသားများက ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကျေးရွာအဝင်လမ်းများတွင် အရိပ်ရသော သီးပင်စားပင်များ စိုက်ပျိုးရန်မှာကြားကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ပဈေးကွက်ရှိပြီး တန်ဖိုးမြှင့် ပေါ်ဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဝါးခယ်မမြို့နယ် ညောင်ငူအုပ်စု မရမ်းချောင်ကျေးရွာမှ ပြန်လည်ထွက်ခွာ၍ နေ့လယ်ပိုင်းတွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ ခရစ်ယာန် ဘုရားကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၃၄၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၆ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၄ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂ ဦး၊ မျက်စိရောဂါ ၄၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၀ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ ခာတ်မှန်ရိုက်လူနာ ကိုးဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ငါးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။




ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါသည်–

၁။ သမီးလေးက ငယ်ငယ်လေးကတည်းက ခွဲစိတ်ထားတာဆိုတော့ သူ့ရဲ့ ဆီးရောဂါက ပြန်ထချင်တော့ ဒီမှာ သမားတော်တွေလည်း ပါလာတယ်ဆိုတော့ လာပြတာပါ။ မနေ့တစ်နေ့ကတည်းက ရွာက ကျေးရွာအုပ်ချုပ်ရေးမှူးက ကြေညာထားတာပါ။ ဆရာဝန်တွေက သဘောကောင်းပါတယ်။ အစစအရာရာ စိတ်ရှည် သည်းခံပြီးတော့ နားထောင်ပေးကြပါတယ်။ အခုလို ရွာအထိ လာရောက်ကုသပေးတဲ့အတွက် ဆရာဝန်တွေအားလုံးကို အများကိုယ်စား ကျေးဇူးတင်ပါတယ်။




၂။ မျက်စိက မှုန်နေတော့ ရှင်းရှင်းလင်းလင်း မမြင်ရဘူး။ နယ်လှည့် ဆေးကုသရေးအဖွဲ့တွေနဲ့တွေ့တော့ လာကုတာပါ။ ကောင်းပါတယ်။ အကုန်လုံး ကောင်းကြပါတယ်။ ဆေးလာကုသပေးတဲ့ ဆရာတွေ၊ ပါရဂူတွေ၊ ဆရာမတွေ အားလုံးလည်း သွားလေရာ လာလေရာ ဘေးကင်းကြပြီး အကုန်လုံးလည်း ကျန်းမာချမ်းသာကြပါစေ။ စေတနာလည်း ရှိကြတယ်။ ဝိုင်းဝန်းလုပ်ကိုင်ပေးကြတဲ့ အဖွဲ့တွေလည်း ကျန်းမာ ချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ (၈၁)နှစ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ် ဒုတိယအကြိမ် စာဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ကရုဏာပရဟိတရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တဇယန္တ ဦးဆောင်ကြီးမှူး၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၊ မြို့နယ် စာရေးဆရာအသင်းနှင့် အလင်းရောင် စာကြည့်တိုက်တို့ ပူးပေါင်းစီစဉ်သော (၈၁)နှစ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ် ဒုတိယအကြိမ် စာဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဟိန်းလတ်)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးငွေစိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကရုဏာပရဟိတရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဇယန္တက ပြိုင်ပွဲဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို မိန့်ကြားပြီး ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌက စာပေ၏ တန်ဖိုးကို ဟောပြောကာ စာတမ်းရှင်ဆရာဦးငွေကျော်က ခေတ်သစ်ကြေးမုံ မင်္ဂလာဒုံသမိုင်းစာအုပ်နှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ထို့နောက်ခရိုင်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီ၊ safe the library တို့မှ စာအုပ်များကိုလည်းကောင်း၊ အလှူရှင်များက လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ ခေတ်သစ်ကြေးမုံ မင်္ဂလာဒုံသမိုင်း ခေါင်းစဉ်ဖြင့် စာဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများက နိုဝင်ဘာ ၂၀ ရက်တွင် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ကိုးဦး၊ နိုဝင်ဘာ ၂၂ ရက်တွင် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မင်းသိန်းထွန်း**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၃**

ယနေ့ နံနက် ၁၁ နာရီ ၀၉ မိနစ် ၂၉ စက္ကန့်တွင် ထားဝယ်မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၁၅ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (လောင်းလုံမြို့၏ အနောက်တောင်ဘက် ၁၀၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၃ ဒသမ ၅၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၅၉ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ပြုလုပ်ရာ နိုင်ငံတော် သံဃနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဇမ္ဗူအေးအေတီတပ်ဦးကျောင်း ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥတ္တမအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဇမ္ဗူအေးအေတီတပ်ဦးကျောင်း ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များထံ အမွှေးနံ့သာရည်၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်များ၊ ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များ ရွတ်ပွား ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဥပသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်များယူဆောင်၍ မဟာဗောဓိ စေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ပက်ဖျန်းပူဇော်ကြကာ ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဦးစီးပဓာနနာယက ဆရာတော်ထံမှ ရေစက်သွန်း တရားတော်နှင့် အနုမောဒနာ တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော် ဘုံအဆင့်တို့ပင့်ဆောင်၍ မဟာဗောဓိ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး စေတီတော်မြတ်ကြီး အထွတ်သို့ တင်လှူပူဇော်ကြကာ ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။



ယင်းနောက်သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာဗောဓိပင်စိုက်ပျိုး၍ ဗောဓိညောင်ရေ သွန်းလောင်းကြပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်း အမျှအတန်း ပေးဝေခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗဟန်းမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားမှုအား လိုက်လံကြည့်ရှု

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရပ်ကွက် (၂၂) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာမှုကို ပြည်သူများက လာရောက်ကြည့်ရှုနေမှုအား ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြသည်။



၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ၂၁ ရက်ကြာ ကပ်ထားကြေညာထားခဲ့ပြီးဖြစ်ရာ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မဲစာရင်းများကို ဒုတိယအကြိမ်အဖြစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ကပ်ထား ကြေညာပေးထားမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် စာရင်းအား လာရောက်ကြည့်ရှု၍ မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုနိုင်ခြင်း၊ မပါဝင်သင့်သေးသူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့်လည်း မဲစာရင်းကို လာရောက်ကြည့်ရှုမှသာ မှန်ကန်သော မဲစာရင်း ရရှိနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

အဆိုပါ ဒုတိယအကြိမ် မဲစာရင်း ကပ်ထားကြေညာမှုအား ရန်ကုန်တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက်တွင် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်တွင် ပဲခူးမြို့နယ် ဥဿာမြို့သစ်(၈)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်နှင့်၂၀ ရက်တို့တွင် ကျောက်တံခါးမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်း၌ ကျွန်းသစ် ၃ ဒသမ ၂၀၂ တန်၊ သစ်မာ ၀ ဒသမ ၆၁၉ တန်၊ အခြားသစ် ၀ ဒသမ ၈၁၁ တန်နှင့် မီးသွေး ပေါင် ၃၀ ဝင် ၄၀ ဒသမ ၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၆၀၆၄)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၅၆၀၆၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် ရတနာပုံတံတား (နွားပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင် ပရီမီယံဒီဇယ် ဂါလန် ၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၈၈၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၁၈၈၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျိုက်မရောမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၅ ရက်တွင် ပုသိမ်မြို့နယ်အတွင်း၌ အခြားသစ် ၅ ဒသမ ၅၄၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၁၀၄၀ ကို သစ်တောဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၀ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၂၂၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden GT-001 တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို လည်းကောင်း၊ မန္တလေးမြို့နယ် မန္တလေးစာတိုက်ကြီး၌ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၄၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၆၆၉၂၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၇၄၉၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာ ၁၁ ရက်၊ ၁၂ ရက်၊ ၁၅ ရက်၊၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၄၅၅၅၀၄) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း (၁-၁၁-၂၀၂၅ ရက်နေ့မှ ၁၅-၁၁-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက် ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>မတ္တရာမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၈</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>စစ်ကိုင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>–</td><td>–</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">ခံနိုင်ရည် နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး စံကွက်ရိတ်သိမ်း

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၃**

မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅–၂၀၂၆ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီအတွင်း မိုးစပါးဧက ၅၂၁၂၀ စိုက်ပျိုးထားရှိရာ နိုဝင်ဘာ ၂၁ ရက်က မရဲ့အုန်းပင်စုကျေးရွာအုပ်စု မရဲ့အုန်းပင်စုကျေးရွာ တောင်သူ ဦးတင်အောင်သန်း၏ ကွင်းအမှတ် (၁၁၈၅–ခ)၊ ဦးပိုင်အမှတ် (၁၆/၁)၊ ဧရိယာ ၂ ဒသမ ၅ ဧက ရှိ လယ်မြေ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ကျင်းပသည်။

အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်း ဦးစီးအရာရှိ ဦးဇော်ဝင်းလှိုင်နှင့်ဝန်ထမ်းများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြပြီး အောင်နိုင်တိုးစပါးမျိုးကွဲကို ကောင်း၊ သင့်၊ ညှိ ကိုယ်စားပြု စံကွက်သုံးမျိုး ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း အစို ၁၂၁ ဒသမ ၈၄ တင်း၊ အခြောက် ၁၁၀ ဒသမ ၇၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားရာ ပြည်သူများ လာရောက်ကြည့်ရှုနေမှုများကို ကြည့်ရှုအားပေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၁)ရပ်ကွက်တို့တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ နိုဝင်ဘာ ၂၁ ရက်က နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသည့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် လယ်ဝေးမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ ကုသမှုဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် သစ်သီးခြင်းလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ပခုက္ကူ နိုဝင်ဘာ ၂၃**

ပခုက္ကူမြို့ပေါ် ရပ်ကွက်များအတွင်း အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁)ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းက နိုင်ငံသားစိစစ်ရေးကတ်၏ အရေးပါပုံအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်း၊ ခရိုင်လဝက ဦးစီးမှူး ဒေါ်ကြည်ကြည်ချို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ဗိုလ်မှူးသက်ထွန်းနိုင်နှင့် ကော်မတီအဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည့် ပြည်သူ ၂၄၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပင်လောင်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**ပင်လောင်း နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က အခြေခံပညာအထက်တန်းကျောင်း တီကျစ်ကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်မောင်က Fire Hotspots နှင့် မီးခိုးမြူငွေ့များ တားဆီးကာကွယ်ရေး ဆောင်းပါးပါအကြောင်းများကို လည်းကောင်း၊ တောအုပ်ကြီး ဦးစိုင်းမျိုးကျော်လင်းက တောမီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို သိမြင်သဘောပေါက်လာပြီး ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို လည်းကောင်း၊ တောအုပ် ဦးစိုင်းခမ်းနောင်က ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၊ သစ်တောများ၏ အခန်းကဏ္ဍများနှင့် "စားရေရိက္ခာဖူလုံဖို့ သစ်တောများကို ထိန်းသိမ်းစို့" ဆောင်းပါးပါအကြောင်းကို လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် အသိပညာပေးဟောပြောပွဲတွင် ဉာဏ်စမ်းဗဟုသုတ အမေးအဖြေမေးခွန်းများဖြင့် မှန်ကန်အောင်ဖြေဆိုခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်မောင်က ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အင်ပူမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာ



**အင်ပူ နိုဝင်ဘာ ၂၃**

အင်ပူမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကို ကပ်ထားကြေညာရာ မဲဆန္ဒရှင်ပြည်သူများ မိမိတို့၏အမည်စာရင်း ပါ မပါ သိရှိနိုင်ရေး လာရောက်ကြည့်ရှုရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပေးနှိုးဆော်ခဲ့ကြောင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မန်းကျော် (ပြန်/ဆက်)**

## မိုင်းရှူးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ

**မိုင်းရှူး နိုဝင်ဘာ ၂၃**

မိုင်းရှူးမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ သတ်မှတ်နေရာများ၌ နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာပေးထားရာ ဒေသခံပြည်သူများက စိတ်ဝင်တစား လာရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းကပ်ထားရာနေရာများတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာမဲဆန္ဒရှင်များ၏ မဲစာရင်းလာရောက်ကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**သန်းလူ(ပြန်/ဆက်)**



## လင်းခေးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ

**လင်းခေး နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရာ ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုနေမှုကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



သန်လျင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ပြီး မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သက်သက်နွယ်က အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်။ သန်းဝင်း(သန်လျင်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ဒက္ခိဏသီရိမြို့နယ်အတွင်း ဒုတိယအကြိမ် မဲစာရင်းကပ်ထားခြင်းနှင့် သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော်  နိုဝင်ဘာ ၂၃**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး သည် နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးဇေယျာလင်း၊ ဦးခင်မောင်လတ်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စုအတွင်း ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းအား မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုနေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုရာ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီး အဝင်လမ်းတွင် စိမ်းလန်းစိုပြည်စေရေးအတွက် အရိပ်ရသစ်ပင် ဗာဒံပင်များ စိုက်ပျိုးပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့်အဖွဲ့သည် နေပြည်တော်အတွင်း Clean City၊ Green City၊ Smart City မြို့တော်ဖြစ်စေရေး သန့်ရှင်းသာယာလှပစေရေးအတွက် ကြာပင်ကျေးရွာအုပ်စု၊ ထန်းတပင် ကျောက်မျက်ကွက်သစ်၊ မြနန္ဒာလမ်းဘေးတစ်လျှောက်ရှိ မြက်ပင်ချုံနွယ်အမှိုက်များ၊ ရေမြောင်းများအား ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းသာယာလှပစေရေးစုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေး၍ ရေသန့်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## လောင်းလုံးမြို့နယ်၌ မဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသင်တန်းဖွင့်

**လောင်းလုံး  နိုဝင်ဘာ ၂၃**

လောင်းလုံးမြို့နယ်၌ မဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်က ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ လောင်းလုံးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ထိုက်က အမှာစကားပြောကြားပြီး ထားဝယ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့အရာရှိ ဦးသက်ထူးတင်က သင်တန်းပို့ချမည့် အကြောင်းအရာ၊ ပါဝင်ရမည့်အချက်၊ ဆောင်ရွက်ရမည့်လုပ်ငန်း အဆင့်ဆင့်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်ဝင်းလှိုင်က သင်တန်းပို့ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းသိန်း(လောင်းလုံး)**

## နောင်ချိုမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**နောင်ချို  နိုဝင်ဘာ ၂၃**

နောင်ချိုမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများကို ကြိမ်ဂနိုင်ကျေးရွာသို့ နိုဝင်ဘာ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်သီတာဦးက ပြည်သူများကျန်းမာစွာနေထိုင်နည်း၊ ဆောင်ရန်၊ ရှောင်ရန်များကို ကျန်းမာရေးအသိပညာပေးဟောပြောပြီး ကြိမ်ဂနိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၏ ပူးပေါင်းကူညီမှုဖြင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ရာ အမျိုးသား



၃၀၊ အမျိုးသမီး ၅၈ ဦး စုစုပေါင်း ၈၈ ဦးအား ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လွိုင်လင်မြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာ

**လွိုင်လင်  နိုဝင်ဘာ ၂၃**

လွိုင်လင်မြို့နယ်၌ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များ၏ မဲစာရင်းများကို ဒုတိယအကြိမ်အဖြစ် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာထားရာ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ခရိုင်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ

**နေပြည်တော်  နိုဝင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာခြင်းကို နိုဝင်ဘာ ၂၀ ရက်က သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားရာ နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ကြေညာပေးထားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**





## ဖျာပုံမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာ

**ဖျာပုံ  နိုဝင်ဘာ ၂၃**

ဖျာပုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် မဲစာရင်းများကို နိုဝင်ဘာ ၂၂ ရက်က စတင်၍ ကပ်ထားကြေညာထားရာ နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကပ်ထားကြေညာထားမည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စု၌ မဲရုံပေါင်း ၁၇၇ ရုံ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**



## ငပုတောမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာ

**ငပုတော  နိုဝင်ဘာ ၂၃**

ငပုတောမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာခြင်းကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် သက်ဆိုင်ရာမဲရုံများတွင် ကပ်ထားကြေညာလျက်ရှိရာ မြို့နယ်ရွေးကောက်ပွဲ ဆိုင်ရာလုံခြုံရေးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် ကော်မတီအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

**အောင်သူ(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ အီလက်ထရောနစ်မဲပေးစက်ဖြင့် လာရောက်လက်တွေ့စမ်းသပ်မဲပေးနိုင်ရေးနှင့် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာထားမှုကို သိရှိနိုင်စေရန်အတွက် နိုဝင်ဘာ ၂၀ ရက်တွင် တာဝန်ရှိသူများက လိုက်လံအသိပေးနှိုးဆော်စဉ်။ မြို့နယ်(ပြန်/ဆက်)



ချောင်းသာမြို့တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ချောင်းသာမြို့ ရပ်ကွက်၊ ကျေးရွာများရှိ သတ်မှတ်ထားသောနေရာများတွင် ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုကြစဉ်။ ကျော်ဟိန်း(ပြန်/ဆက်)

## ကျောက်ဆည်ခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၂၃**

ကျောက်ဆည်ခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်က ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ညွှန်ကြားရေးမှူး (ပညာ) ဒေါက်တာရွှေဇင်အိ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင်ဖျော်ဖြေကြသော အဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်က အမှာစကား ပြောကြားပြီး ကျောင်းသားကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေပြီး စာဖတ်ရှိန် မြှင့်တင်ရေးဆိုင်ရာ "နိုင်ငံ့အကျိုးအတွက် မျှော်မှန်းရည်ခိုင်မာတိုးတက်စေရမည်" ဗီဒီယိုကလစ်ကို ပြသခဲ့သည်။

ထို့နောက် သယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့သည် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုငွေကျပ်ငါးသိန်း၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းစာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့ပြီး ပြခန်းများ၊ ပြိုင်ပွဲများ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသထားမှုနှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ပျော်ပွဲရွှင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ငပုတောမြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ သင်တန်းဖွင့်

**ငပုတော နိုဝင်ဘာ ၂၃**

ငပုတောမြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသင်တန်း



ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၁၈၄ ဦး တက်ရောက်ခဲ့ကြသည်။

**အောင်သူ(ပြန်/ဆက်)**

## အောင်လံမြို့၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာ

**အောင်လံ နိုဝင်ဘာ ၂၃**

အောင်လံမြို့၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ယမန်နေ့ နံနက်ပိုင်းက စတင်၍ ရပ်ကွက်အလိုက် ကော်မရှင်ခွဲရုံးများတွင် ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့သည်။

**မျိုးသိန်း(ပြန်/ဆက်)**



## အထက(ခွဲ)သပြုပင်ကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲ၊ ဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲများကျင်းပ



**ကြို့ပင်ကောက် နိုဝင်ဘာ ၂၃**

ကြို့ပင်ကောက်မြို့နယ် အထက (ခွဲ) သပြုပင်ကျောင်း၌ (၈၁) နှစ်မြောက်မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ၊ ဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲများကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌက ပေးပို့သော (၈၁)နှစ်မြောက် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် သဝဏ်လွှာအား ဖတ်ကြားပြီး စာရေးဆရာမင်းသုခ (ကြို့ပင်ကောက်) နှင့် ဆရာမင်းဝသံ (စာပေစေတမာန်) တို့က ကျောင်းသားကျောင်းသူများအား စာပေနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကာ စာပေပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်စာရေးဆရာအသင်းက ဆုများချီးမြှင့် ပေးအပ်ခဲ့သည်။

**ဇေယျာထွန်း(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများကြေညာ

**နောင်ချို နိုဝင်ဘာ ၂၃**

နောင်ချိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၁ ရက်မှစတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာပေးထားရာ နောင်ချိုမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူလင်းနှင့်အဖွဲ့ဝင်များက ပြည်သူများက မဲစာရင်း လာရောက်ကြည့်ရှုနေမှုများကို လှည့်လည်ကြည့်ရှုသည်။

**မြို့နယ်(ပြန်/ဆက်)**





## မချမ်းဘောမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ ကြေညာ

**မချမ်းဘော နိုဝင်ဘာ ၂၃**

မချမ်းဘောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၆ နာရီမှစ၍ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာထားရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မဲဆန္ဒရှင်ပြည်သူများမဲစာရင်း လာရောက်ကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**ယောရွှေနီ(မချမ်းဘော)**



## ပူတာအိုခရိုင်၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာ

**ပူတာအို နိုဝင်ဘာ ၂၃**

ပူတာအိုခရိုင်တွင် မြို့နယ်အလိုက် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ၌ မဲဆန္ဒရှင်စာရင်းများအား ဒုတိယအကြိမ် ထုတ်ပြန်ကြေညာကပ်ထားမှုများကို နိုဝင်ဘာ ၂၁ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ဖုန်ကန်(ပူတာအို)**



ကလေးခရိုင် မီးသတ်ဦးစီးမှူး ဦးဘိုဘိုဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘွေမောင်းထန်နှင့် တာဝန်ရှိသူများက ကလေးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ နိုဝင်ဘာ ၁၉ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)




## နန်းယွန်းမြို့၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာ

**နန်းယွန်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့တွင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုများအား နိုဝင်ဘာ ၂၁ ရက်က နန်းယွန်းမြို့ပေါ် (၃)ရပ်ကွက်များအတွင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးခင်မောင်ထွေး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**




စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about your age in English (အသက်နဲ့ပတ်သက်ပြီး အင်္ဂလိပ်လိုဘယ်လိုပြောမလဲ) ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်တွေ၊ နမူနာဝါကျတွေ၊ စကားပြောတွေနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရ ပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့သာမက နမူနာဝါကျတွေနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Proper Noun နှင့် Common Noun တို့ကို အသေးစိတ် ရှင်းလင်းဖော်ပြပြီးတဲ့နောက် ၎င်းတို့နှင့်ပတ်သက်သည့် အသုံးပြုပုံ၊ သဘောတရားများကို ပိုမိုသဘောပေါက်နားလည်စေရန် ယခုတစ်ခါ လေ့ကျင့်ခန်းများဖြင့် ထပ်မံအားဖြည့်ဖော်ပြလိုက်သည်။ လေ့ကျင့်ခန်းတွေ တူတူလုပ်ကြစို့။**

**Proper Noun နှင့် Common Noun တို့နှင့်ပတ်သက်သည့် လေ့ကျင့်ခန်းများ**

**Exercise (1) Underline the proper nouns in the following sentences.**

1. July is often the hottest month in summer.
2. One day Ali Baba saw the forty thieves hiding in a cave.
3. Shawn and Ashley are going to the beach for a swim.
4. Mr. Lee is reading a book.
5. "I am your fairy godmother," said the old woman to Cinderella.
6. Uncle Mike is a lawyer.
7. Next Tuesday is a public holiday.
8. Many children enjoyed the movie Lion King.

**Exercise (2) Underline the common nouns in these sentences.**

**There's a little bird in the garden.**

1. Who is your teacher?
2. Don't eat that rotten apple.
3. Kate has a lovely doll.
4. I like reading stories.
5. My father is a doctor.
6. Every child has a dictionary.
7. Rudy hates bananas.
8. The phone is ringing.
9. Here's a book for you.

**Exercise (3) Here's a mixed bag of words. Put each word under its correct heading.**

| | | | | |
|---|---|---|---|---|
| swimmer | snail | fire engine | clown | letters |
| flag | river | barber | mountain | fox |
| hotel | parrot | granny | taxi | gardener |
| camel | | | | |

| People | Animals | Places | Things |
|---|---|---|---|
| ................. | ........................ | ................. | |
| ................. | ........................ | ................. | |
| ................. | ........................ | ................. | |
| ................. | ........................ | ................. | |
| ................. | ........................ | ................. | |
| ................. | ........................ | ................. | |

**Exercise (4) Look at the words in the box. Which ones are common nouns and which ones are proper nouns? Put each word under its correct heading.**

| | | | |
|---|---|---|---|
| Lisa | bank | President Hotel | United Bank |
| January | beach | White Sand Beach | hotel |
| Doctor | month | Dr. Wang | girl |

| Common Nouns | Proper Nouns |
|---|---|
| .............................................. | |
| .............................................. | |
| .............................................. | |
| .............................................. | |
| .............................................. | |
| .............................................. | |
| .............................................. | |

**Exercise (5) Write C for Common or P for Proper on the blank before each noun.**

1. .......................... the White House
2. .......................... the green dress
3. .......................... the tall building
4. .......................... the Empire State Building
5. .......................... the Yellow River
6. .......................... the muddy river
7. .......................... the governor
8. .......................... Governor Parker
9. .......................... the Oregon Trail
10. .......................... the winding trail

**Exercise (6) Underline the nouns that should be capitalized. Circle the nouns that should not be capitalized.**

1. Robert louis Stevenson wrote treasure island.
2. The Capital of illinois is Springfield.
3. My Friends and I prefer Glittergums toothpaste.
4. Their Family visited Yellowstone national Park.
5. Juan and maria attend kennedy Middle school.
6. We had a Surprise party for aunt Helen.
7. Spring and Fall are my favourite Seasons.
8. The Manager scolded his lazy Employees.

#### 3. Compound Noun (ပေါင်းစပ်နာမ်)

စကားလုံးနှစ်လုံး သို့မဟုတ် နှစ်လုံးထက်ပိုသော စကားလုံးများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော Noun များကို Compound Noun (ပေါင်းစပ်နာမ်) ခေါ်သည်။ Compound Noun အများစုသည် (Noun + Noun) သို့မဟုတ် (Adjective + Noun) ပုံစံများဖြစ်ကြသည်။ Compound Noun (ပေါင်းစပ်နာမ်) များကို ခွဲရေးခြင်းနည်း၊ ဟိုင်ဖန်ခံရေးခြင်းနည်း (တုံးတိုဖြင့်ရေးခြင်း)နှင့် တစ်လုံးတည်းရေးခြင်းနည်း စသည့် နည်းများဖြင့် ရေးသားလေ့ရှိသော်လည်း အနက်တစ်ခုတည်း ရှိသည်။ ဥပမာ –

| | | |
|---|---|---|
| bus stop | mother–in–law | football |
| cat food | blackboard | breakfast |
| full moon | washing machine | swimming pool |

## Vocabulary Enrichment Programme

1. **clean up = သန့်ရှင်းသည်။**
   John **cleaned** the living room **up.** Or John **cleaned up** the living room.
   (ဂျွန်ဧည့်ခန်းကို သန့်ရှင်းခဲ့သည်။)
2. **call off = ဖျက်သိမ်းသည်။**
   We **called** the party **off.** Or We **called off the party.**
   (ကျွန်ုပ်တို့ ပါတီပွဲကို ဖျက်သိမ်းခဲ့သည်။)
3. **turn over a new leaf = ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲသည်။**
   He realized he was in the wrong and promised to **turn over a new leaf.**
   (သူမှားမှန်းသိပြီး ပိုမိုကောင်းမွန်အောင်ပြုပြင်ပြောင်းလဲဖို့ ကတိပေးခဲ့တယ်။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



**Conversation**

**How to talk about your age (အသက်ကို ဘယ်လိုပြောမလဲ)**

**Asking the age (အသက်မေးခြင်း)**

- How old are you? အသက်ဘယ်လောက်ရှိပြီလဲ။
- How old is he? သူ့အသက် ဘယ်လောက်ရှိပြီလဲ။
- How old is she? သူ(မ)အသက် ဘယ်လောက်ရှိပြီလဲ။
- What age are you? မင်းအသက် ဘယ်လောက်ရှိပြီလဲ။
- What is your date of birth? မင်းမွေးနေ့ ဘယ်နေ့လဲ။

**Response about age (အသက်နဲ့ပတ်သက်ပြီး ပြန်ပြောခြင်း)**

**Eleven ten thirty three = 11/10/1933**

**Sixteen eleven seventy four = 16/11/1974**

- I'm eleven ten thirty three./ I'm sixteen eleven seventy four.

**I'm ........... + age / He's ............ + age.**

- I'm ten./ He's sixteen./ She's twenty.

**I'm ............. + (years old.)**

- I'm sixty–five years old.
- I'm twelve and a quarter.

**I am (was) .............. + months/ weeks old.**

**He/She/It is (was) ......... + months/weeks old.**

- I was just six weeks old when I was adopted.
- The puppies are just a few days old.
- The car is just about eighteen months old.

**I'm .............. + years of age.**

- I am seventy years of age and I am simply not strong enough to work anymore.

**Language Focus (ဘာသာစကားရှုထောင့်)**

old ကိုအသုံးပြုပြီး နာမဝိသေသနစကားစု ဖွဲ့စည်းနိုင်သည်။ ဥပမာ – **two–year–old + Noun**

- An **eighty–year–old woman** was attacked.
- A **hundred–year–old building** was destroyed by fire last night.

**aged** ကို နောက်က အသက်အရွယ်လိုက်ပြီး အသုံးပြုနိုင်သည်။ ဥပမာ – **aged + how old**

- They have two children—Jill, aged four, and Ben, aged eighteen months.
- She died last summer, aged ninety–five.

**at, by, before, after .......................... + the age of + how old**

- At the age of sixteen she married a man twenty years older than her.
- You cannot legally get married there before the age of sixteen.
- By the age of thirty Mary had already been married three times.

**I'm in my sixties, etc. (အသက် ၆၀ ကျော်အရွယ်မှာ)**

- I was in my twenties when I had my children.

**I'm your age (မင်းအသက်အရွယ်မှာ)**

- Jill's my age, although she looks younger.
- She's my mother's age, although she claims to be younger.

**Meeting an old friend**

**Jill:** Hello, Bill. I haven't seen you for ages. Are these your two children? How they've grown!

**Bill:** This is Alice and this is Jack. Alice and Jack, this is Mrs Carter, an old friend of mine.

**Jill:** Hello, Alice. **How old are you?**

**Alice:** **I'm ten,** Mrs Carter.

**Jill:** And what about you, Jack? **What age are you?**

**Jack:** **I'm seven and a half.**

**Alice:** We've also got a baby sister. She's at home with Mum.


**Jill:** A baby! That's lovely! **What age is she?**

**Alice:** **She's eighteen months old.**

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

ပရီမီယာလိဂ်ပွဲစဉ် (၁၂) ပွဲကျန်မှ မန်ယူနဲ့ အဲဗာတန်အသင်းပွဲစဉ်ကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းမှာ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ရလဒ်ကောင်းရရှိရေး နှစ်သင်းစလုံး ခြေကုန်ထုတ်လာမှာ ဖြစ်တာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ပြိုင်ဆိုင်မှုပြင်းထန်လာဦးမယ့် မန်ယူနဲ့ အဲဗာတန်တို့ရဲ့အားပြိုင်မှု



**မန်ယူ VS အဲဗာတန်** နံနက် ၂း၃၀

နောက်ဆုံးအကြိမ်တွေ့ဆုံမှု မန်ယူ ၂-၂ အဲဗာတန်

ဒီရာသီ မန်ယူအသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည် ငါးပွဲကို ကြည့်ရင် လေးပွဲအထိ နိုင်ပွဲရရှိထားပြီး တစ်ပွဲသာ ရှုံးနိမ့်ထားတယ်။ ပြိုင်ဘက် အဲဗာတန်အသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည် ငါးပွဲကိုကြည့်ရင် သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ ဒီပွဲစဉ်ကလည်း အိုးထရက်ဖို့ဒ်ကွင်းမှာ ကစားရမှာ ဖြစ်တာကြောင့် အဲဗာတန်အသင်း အခက်တွေ့နိုင်တယ်။ အမ်ဘူမို၊ ဖာနန်ဒက်စ်၊ ကက်စမီရိုတို့ ခြေစွမ်းကောင်းပြသထားနိုင်မှုနဲ့အတူ အိမ်ကွင်းအားသာချက်ရှိတဲ့ မန်ယူကို အဲဗာတန်အသင်း ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်ပြီး ရှုံးပွဲကြုံတွေ့သွားဖွယ်ရှိတယ်။




**စောင့်ကြည့်ရမယ့်ကစားသမား**
ဘရိုင်ယန် အမ်ဘူမို
မန်ယူ (တိုက်စစ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၆

**မန်ယူအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| မန်ယူ | ၄-၂ | ဘရိုက်တန် |
| ဖောရက်စ် | ၂-၂ | မန်ယူ |
| စပါး | ၂-၂ | မန်ယူ |

**အဲဗာတန်အသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| အဲဗာတန် | ၀-၃ | စပါး |
| ဆန်းဒါးလန်း | ၁-၁ | အဲဗာတန် |
| အဲဗာတန် | ၂-၀ | ဖူလ်ဟမ် |

**စောင့်ကြည့်ရမယ့်ကစားသမား**
ဂျက်ဂရီးလစ်ချ်
အဲဗာတန်(တိုက်စစ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၅

# ဘိုင်ယန်မြူးနစ်က ဖရိုင်းဘတ်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ရှစ်မှတ်ဖြတ် ဦးဆောင်

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၁) အဖြစ် နိုဝင်ဘာ ၂၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အမှတ်ပေးဇယားဦးဆောင်သူ ဘိုင်ယန်မြူးနစ်နှင့် ဖရိုင်းဘတ်အသင်းပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ ခြောက်ဂိုး- နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၁) အပြီးတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ၁၀ ပွဲအထိ နိုင်ပွဲရရှိကာ တစ်ပွဲသာ သရေကျထားပြီး ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် လေဗာကူဆင်အသင်းကို ရှစ်မှတ်အထိ ဖြတ်ထားနိုင်ပြီ ဖြစ်သည်။



ဘိုင်ယန်မြူးနစ် အသင်းမှ မိုက်ကယ်အိုလစ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့သည်။ ထို့အပြင် အားထားရသည့် တိုက်စစ်ကစားသမား ဟာရီကိန်းက ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါ ၁၄ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့သည်။

အခြားပွဲစဉ် ရလဒ်များတွင် အော့စ်ဘတ်က ဟမ်းဘာဂါကို တစ်ဂိုး-ဂိုးမရှိ၊ မိုချန်ဂလာဘတ်ချ်က ဟိုင်ဒင်ဟိမ်းကို သုံးဂိုး-ဂိုးမရှိ၊ လေဗာကူဆင်က ဝုဖ်ဘတ်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး မိန့်ဇ်နှင့် ဟော်ဖန်ဟိန်းအသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

## အက်စတွန်ဗီလာက မော်ဂန်ရော်ဂျာ၏ သွင်းဂိုးများဖြင့် လိဒ်စ်ကို အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၁၂) မှ တန်းဆင်းဇုန်ဖိအားရှိပြီး ရှုံးပွဲဆက်နေသည့် လိဒ်စ်နှင့် ခြေစွမ်းကောင်းပြသထားနိုင်သည့် အက်စတွန်ဗီလာအသင်းပွဲစဉ်တွင် အက်စတွန်ဗီလာအသင်းက မော်ဂန်ရော်ဂျာ၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်ကို နိုဝင်ဘာ ၂၃ ရက်က လိဒ်စ်အသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်သည်။ လိဒ်စ်အသင်းသည် ပွဲကစားချိန် ၈ မိနစ်တွင် ရရှိခဲ့သော လူးကပ်စ် နင်မ်ချာ၏ သွင်းဂိုးဖြင့် ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့သည်။

သို့သော်လည်း ပွဲကစားချိန် ၄၈ မိနစ်တွင် အက်စတွန်ဗီလာအသင်းချေပဂိုးရရှိခဲ့ပြီး မော်ဂန်ရော်ဂျာက မာလန်း၏ ဖန်တီးမှုမှ သွင်းယူခဲ့သည်။ ထို့နောက် ခြေစွမ်းကောင်းပြသထားနိုင်သည့် အက်စတွန်ဗီလာအသင်းက ဒုတိယဂိုး ရရှိခဲ့သည်။ အဆိုပါ ဂိုးကို မော်ဂန်ရော်ဂျာက အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

ယင်းနောက် လိဒ်စ်အသင်း တိုက်စစ်ကစားသမား ကားဗက်လီဝင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗီအေအာရ်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ အက်စတွန်ဗီလာအသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယား အထက်ပိုင်း တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် လိဒ်စ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ရှုံးပွဲ ၇ ပွဲ ရှိလာပြီ ဖြစ်သည်။ အမှတ်ပေးဇယားတွင်လည်း ရမှတ် ၁၁ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။

လာမည့်ပွဲစဉ်တွင် လိဒ်စ်က မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အက်စတွန်ဗီလာအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲ၌ ယန်းဘွိုင်းစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ဖီနာဘာချီက ဘာစီလိုနာမှ ပိုလန်တိုက်စစ်ကစားသမား လီဝမ်ဒေါဝစကီးကို ခေါ်ယူလိုနေသည်။
- ဝုဖ်က ဇန်နဝါရီတွင် လာဇီယို ဂိုးသမား မန်ဒါးစ်ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။
- မန်ယူနည်းပြ အမ်မိုရင်က လာမည့်နွေရာသီတွင် ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ကို ရောင်းချသွားဖွယ်ရှိသည်။
- စီးရီးအေ ပွဲစဉ် (၁၂) တွင် နာပိုလီက အတ္တလန်တာကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။



■ မိုနာကိုက ရင်းနက်စ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် တွေ့ရသည့် မိုနာကိုကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ၏ ကစားဟန်။

## ရက်ပေါင်း ၈၁၁ ရက်အကြာမှ ဘောလုံးပြန်လည်ကစားခွင့်ရရှိခဲ့သည့် ပေါ့ဂ်ဘာ

ပေါလ်ပေါ့ဂ်ဘာသည် လီဂူးဝမ်း ပွဲစဉ် (၁၃) အဖြစ် မိုနာကိုက ရင်းနက်စ်ကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အတွင်း လူစားလဲဝင်ရောက်ပြီး မြက်ခင်းစိမ်းပေါ် တစ်ကျော့ပြန် ပြန်လည်ခြေချခွင့် ရရှိခဲ့သည်။

ယင်းမှာ နှစ်နှစ်ကျော်အတွင်း ပရော်ဖက်ရှင်နယ် ဘောလုံးကစားသမားဘဝကို တစ်ကျော့ပြန် ပြန်လည်စတင်ခြင်းလည်း ဖြစ်သည်။ အသက် ၃၂ နှစ်အရွယ် မိုနာကိုကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ပွဲကစားချိန် ၈၅ မိနစ်တွင် ကူလီဘာလီ၏ နေရာကို လူစားလဲဝင်ရောက်ကစားခဲ့ခြင်း ဖြစ်သည်။

ပေါ့ဂ်ဘာသည် တားမြစ်ဆေးသုံးစွဲမှုကြောင့် လေးနှစ်ကြာ ပွဲကစားခွင့်ပိတ်ပင်ထားမှုကို အားကစားခုံရုံးက ၁၈ လသို့ လျှော့ပေါ့ပေးခဲ့ပြီးနောက် ပြီးခဲ့သည့် နွေရာသီတွင် လီဂူးဝမ်းကလပ် မိုနာကိုအသင်းသို့ ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။

## ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၁၃) တွင် နာမည်ကြီး ပီအက်စ်ဂျီ၊ မာဆေးလ်တို့ ဂိုးပြတ်နိုင်ပွဲရ

ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၁၃) အဖြစ် နိုဝင်ဘာ ၂၃ ရက် နံနက် ၂ နာရီ ၃၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ပီအက်စ်ဂျီနှင့် လီဟာဗရီအသင်းပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက သုံးဂိုးပြတ် အနိုင်ရရှိကာ အမှတ်ပေးဇယားကို နှစ်မှတ်အသာဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

နိုင်ပွဲပျောက်ဆုံးမှု ရပ်တန့်ရန် ခြေကုန်ထုတ်လာသော လီဟာဗရီအသင်းသည် အရည်အသွေးမြင့် ထိပ်တန်းကစားသမားအများအပြားပိုင်ဆိုင်ထားသည့် ပီအက်စ်ဂျီအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်ကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးပြီး ရှုံးပွဲကြုံတွေ့ခဲ့သည့်အတွက် နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။

ပီအက်စ်ဂျီအသင်းသည် ယခုနိုင်ပွဲကြောင့် လီဂူးဝမ်း ၁၃ ပွဲ ကစားပြီး ကိုးပွဲနိုင်၊ သုံးပွဲသရေနှင့် တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ ပြိုင်ဘက် လီဟာဗရီအသင်းက သုံးပွဲနိုင်၊ ငါးပွဲသရေနှင့် ငါးပွဲရှုံး ရလဒ်ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် မာဆေးလ်က နိုက်စ်ကို ငါးဂိုး-တစ်ဂိုး၊ လန်းစ်က စထရာဘော့စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။



■ ပီအက်စ်ဂျီတိုက်စစ်ကစားသမား လီကန်အင်း လီဟာဗရီအသင်းကစားသမားများကို ဖြတ်ကျော်ရန် ကြိုးပမ်းစဉ်။

■ မိုးဇက်-စုစည်းရေးသားသည်

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ(တတိယ) ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် လေးပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၃ ဒီဂရီဖာရင်ဟိုက်မှ ၆၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၆၈ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၁၉ မီလီမီတာမှ ၂၉ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၀ မီလီမီတာမှ ၄၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်းနှင့် အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (စိုစွတ်)အခြေအန အသီးသီးရှိနိုင်သည်။

မိုး/ဇလ

## စစ်ကိုင်းမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**စစ်ကိုင်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းမြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာ ၂၀ရက်က ပိုးတန်းရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားသည်။


အဆိုပါသင်တန်းတွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲစနစ် အကြောင်း၊ မဲပေးစက် တည်ဆောက်ပုံ နည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခြင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အားပြန်လည်ထုပ်ပိုး သိမ်းဆည်းပုံနှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည်များကို သင်ကြားမည်ဖြစ်ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၁၀၄ ဦး တက်ရောက်ခဲ့ကြသည်။

နေလင်းအောင်(ပြန်/ဆက်)

## ၂၀၂၅ ခုနှစ်အလွန် ဒီမိုကရေစီနိုင်ငံတော်သစ် စာအုပ်ဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

စာရေးသူ စိန်ဝင်းအောင်(မန္တလေး) စုစည်းရေးသားထားသည့် ၂၀၂၅ ခုနှစ်အလွန် ဒီမိုကရေစီနိုင်ငံတော်သစ်စာအုပ် ထွက်ရှိလာသည်။




"၂၀၂၅ ခုနှစ်အလွန် ဒီမိုကရေစီနိုင်ငံတော်သစ်စာအုပ်" တွင် အခန်း ၉ ခန်းခွဲကာ ဒီစာအုပ်ကို ဘာကြောင့်ရေးရသလဲ၊ နိုင်ငံတကာအခြေအနေနှင့် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၊ အသွင်သစ် နိုင်ငံတကာဆက်ဆံရေး၊ ယနေ့ကမ္ဘာနှင့် မြန်မာတို့၏ ဖြစ်ပေါ်တိုးတက်မှုအပေါ် ဆန်းစစ်ခြင်း၊ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ မဇ္ဈိမဗဟိုပြုယန္တရား ဂင်္ဂါမြစ်ရောဆက်ဆံရေး၊ နိုင်ငံတစ်ခုစနစ်(၂)ခုနှင့် ပြန်လည်ပေါင်းစည်းရမည့် တရုတ်နိုင်ငံ စသည့်ဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

အဆိုပါစာအုပ်ကို မြရတနာစာပေက ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။

မြန်မာ့အလင်း

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# စစ်ကိုင်းတက္ကသိုလ်
## သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

စစ်ကိုင်းတက္ကသိုလ်၏ သတ္တမအကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားများကျင်းပမည် ဖြစ်ပါသည်။ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်၏ နေ့သင်တန်းမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့နှင့် မဟာသိပ္ပံဘွဲ့ရရှိသူများနှင့် (၂၀၂၅) ပညာသင်နှစ်၏ အဝေးသင်သင်တန်းမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ ရရှိသူများသည် သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ဘွဲ့တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်း လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| **တက်ရောက်ဘွဲ့ကြေး** | - | **၁၅၀၀၀ိ/- (ကျပ်တစ်သောင်းငါးထောင်တိတိ)** |
| **အဝေးရောက်ဘွဲ့ကြေး** | - | **၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)** |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - | **၁၅-၁၂-၂၀၂၅ ရက်မှ ၁၅-၁-၂၀၂၆ ရက်အထိ** |

(၁) သတ်မှတ် ဘွဲ့လျှောက်လွှာပုံစံ ဖြည့်စွက်ပြီးလျှောက်ထားရမည်။

(၂) လွန်ခဲ့သည့်(၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံစနစ်တကျ ဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော(၁.၅"x၂") အရွယ်ရှိကပ်ခွာ(sticker)လိုင်စင်ဓာတ်ပုံ(၃)ပုံ၊မှတ်ပုံတင်မိတ္တူနှင့်အတူလျှောက်လွှာတင်သွင်းနိုင်ပါသည်။

(၃) သတ်မှတ်ဘွဲ့ ကြေးများကို စစ်ကိုင်းတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရပါမည်။

(၄) ရပ်ဝေးမှ ဘွဲ့နှင်းသဘင်ကြေးပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်သာ ပေးပို့မည်ဖြစ်ပြီး ငွေပို့လွှာအောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟု ဖော်ပြရမည့်အပြင် ပါမောက္ခချုပ်၊ စစ်ကိုင်းတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ လျှောက်ထားလိုသည့်ဘွဲ့၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်များကိုလည်း တိကျစွာ ဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

(၅) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ စနစ်တကျဝတ်ဆင်၍ တက်ရောက်ရမည်။

(၆) တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ကာယကံရှင်ကိုယ်တိုင် မှတ်ပုံတင်မူရင်းပြ၍ ထုတ်ယူရမည်ဖြစ်ပါသည်။

(၇) ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

(၈) အသေးစိတ်အချက်အလက်များကို စစ်ကိုင်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

(၉) ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်အား ထပ်မံ၍ ကြေညာပါမည်။

**မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**စစ်ကိုင်းတက္ကသိုလ်**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3829 TOYOTA MARK X GR M SALOON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသူရထွန်း ၁၃/ပလတ(နိုင်)၀၀၀၄၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4533 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/79794 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/23501 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးခိုင် ၇/ရကန(နိုင်)၀၀၀၂၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

### အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၆)နေထိုင်သူ ဒေါ်ခင်ထွေး(ဘ) ဦးချစ်မောင် ၉/မနတ(နိုင်)၀၇၂၀၈၅သည် သားဖြစ်သူ ဦးဇာနည်အောင်(ဘ) ဦးအောင်သိန်း ၉/အမဇ(နိုင်)၀၀၀၃၃၅ အား ၂၂-၁၁-၂၀၂၅ ရက်တွင် ၎င်းရပ်ကွက်တွင်ရှိသော ဦးပိုင်(၂၁)၊ အရှေ့အနောက်(၆၀)ပေ၊ တောင်မြောက်(၁၅)ပေ ကျယ်ဝန်းသောမြေနှင့်နှစ်ထပ်နံကပ်တိုက်အား တရားဝင်ပေးကမ်းပြီးဖြစ်ကြောင်းနှင့်နောက်နောင်အထက်ပါမြေနှင့် နှစ်ထပ်နံကပ်တိုက်သည် ဦးဇာနည်အောင်တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှ(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-12565)**
**မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်လေးကွက်သစ်၊**
**ဖုန်း-၀၉-၇၆၅၇၅၈၈၈၅**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6879 Toyota Belta SCP 92 Saloon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာအောင် ၉/ပဘန(နိုင်)၁၉၁၁၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/6402 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကျော် ၉/နထက(နိုင်)၁၁၃၄၅၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

---

### ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/5236 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးမြင့် ၉/ညဥန(နိုင်)၀၄၂၀၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

---

# ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## (ပဉ္စမ)အကြိမ် တင်ဒါအမှတ်စဉ် (၅/၂၀၂၄-၂၀၂၅)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေး-စစ်ကိုင်းလမ်းပေါ်ရှိ ရောဝတီတံတား (ရတနာပုံ)၏ မန္တလေးလျှင်ကြီးကြောင့် ကွေးညွှတ်ပြတ်တောက်သွားသော (RP2-RP7) Span အတွင်းရှိ Steel Member များနှင့် Gusset သံပြားများ ပြုပြင်လဲလှယ်ရန် နှင့် (Rp4 & RP5) အားဖြည့်ထပ်ပိုးခြင်း လုပ်ငန်းများအတွက် ပုံစံထုတ်ခြင်း (Design Drawing)၊ ပစ္စည်းထုတ်လုပ်ခြင်း (Production & Fabrication)၊ လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်း၊ ပြုပြင်ရမည့်နည်းလမ်း၊ တပ်ဆင်ခြင်းဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်း၊ ပြုပြင်ပြီးတံတားခံနိုင်ဝန်ဆိုင်ရာ Load Test နည်းပညာ၊ အသုံးပြုမည့်စက်ပစ္စည်း၊ Quality Control ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်အနီးကပ်ကြီးကြပ်ဆောင်ရွက်ရသည့် လုပ်ငန်းတို့အား မြန်မာ(ကျပ်)ငွေဖြင့် တင်ဒါခေါ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - | ၂၄-၁၁-၂၀၂၅ ရက်မှ ၅-၁၂-၂၀၂၅ ရက်အထိ ရုံးချိန်အတွင်း |
| ၃။ **Pre Bid Meeting** | - | ၈-၁၂-၂၀၂၅ ရက် ၊ ၁၀:၀၀နာရီ |
| ၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် (နည်းပညာနှင့် ဈေးနှုန်း)** | - | ၉-၁၂-၂၀၂၅ ရက်၊ ၁၅:၀၀နာရီ |
| ၅။ **နည်းပညာအောင်မြင် ကြောင်းကြေညာမည့်ရက်** | - | ၁၀-၁၂-၂၀၂၅ ရက် |
| ၆။ **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - | ၁၂-၁၂-၂၀၂၅ ရက်၊ ၁၀:၀၀နာရီ |
| ၇။ **တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေး အဖွဲ့(၁)မန္တလေး၊ တံတားဦးစီးဌာန |

၈။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁)မန္တလေး ဖုန်း-၀၉-၂၅၀၀၇၀၇၃၈ ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၉။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန**

---

### နေရာကောင်းမြေကွက် ရောင်းရန်ရှိသည်

ရန်ကုန်မြို့၏ အချက်အခြာကျပြီး လူစည်ကားရာ နေရာဖြစ်သည့် ဗဟိုလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်ရှိ လမ်းမကြီးနှစ်ဘက်ကို မျက်နှာစာပြုထားသော ထောင့်ကွက်အကျယ် 0.028 ဧက(1220Sqft ) ရှိသော နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင် ရောင်းရန်ရှိသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၀၄၇၇၈၁၊ ၀၉-၂၆၀၄၄၀၈၈၀**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5259 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/7358 ၏အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 16U/3362 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

---

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူမှာ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ၈-ကွက်၊ အမှတ် (၆၂/၆၃)နေ ဦးကျော်ဝင်း ၉/မမန(နိုင်)၀၁၇၂၆၂ သည် “ရွှေပြည်သာ” အမည်ဖြင့် စားသုံးဆီ ဖြန့်ချိရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်သူတစ်ဦး ဖြစ်ပါသည်။

ထိုသို့ ကျွန်ုပ်မိတ်ဆွေက စားသုံးဆီ ဖြန့်ချိရေးလုပ်ငန်းကို တရားဝင်မှတ်ပုံတင်ထားပြီး ဥပဒေနှင့်အညီ လုပ်ကိုင်ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဝင်း အမည် (သို့မဟုတ်) “ရွှေပြည်သာ” အမည်ကို အခြားသူများက နာမည်အလွဲသုံးစားပြု၍ ရောင်းဝယ်မှုများ ငွေကြေးဆိုင်ရာ အလှည့်အပြောင်းများ၊ သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်နေသည်ဟု သိရှိရပါသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ လုပ်ငန်းအမည်များကို မည်သူမဆိုဆက်လက်အလွဲသုံးစားပြုလုပ်ပါက ဥပဒေအရ တရားမဝင်လုပ်ရပ်ဖြစ်ကြောင်း၊ ကျွန်ုပ်မိတ်ဆွေ (သို့မဟုတ်) လုပ်ငန်းအမည်နှင့် မည်သည့် သက်ဆိုင်မှုမျှမရှိပါကြောင်း၊ ဖြစ်ပေါ်လာနိုင်သော တိုင်ကြားမှုများ၊ ငွေကြေးဆုံးရှုံးမှုများ ပြဿနာများအပေါ် ကျွန်ုပ်မိတ်ဆွေသည် တာဝန်မယူပါကြောင်း ရပ်တန်းမှရပ်တန့်ရန်အတွက် ဤကြေညာဖြင့် အသိပေးလိုက်သည်။

အကယ်၍ ဆက်လက်ပြီး ဤကြေညာပါအတိုင်း လိုက်နာရန် ပျက်ကွက်မည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၆)**
**အိမ်အမှတ် (၅/၂၆၅) ပြည်တော်သာ (၃) လမ်း၊ ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၆၇၃၉ ၊ ၀၉-၇၈၂၀၄၆၇၃၉**

---

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
## မန္တလေးဌာနခွဲ၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့်ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးသွားသော မန္တလေးဌာနခွဲ ပယ်ပုံတော်ဝင်းအတွင်းရှိ အဆောက်အအုံများပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းနှင့် အင်းဝပြတိုက်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းတို့အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၄-၁၁-၂၀၂၅ ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၇-၁၂-၂၀၂၅ ရက် (၁၆:၀၀)နာရီ |
| **တင်ဒါပုံစံရောင်းချတင်သွင်း ရမည့်နေရာ** | - | ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၊ ၂၈လမ်း၊ လမ်း ၇၀ ထောင့် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |

၂။ တင်ဒါပုံစံနှင့် စာရွက်စာတမ်းများကို ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းမှုလုပ်ငန်းကို စိတ်ပါဝင်စားသူများမှ အထက်ပါလိပ်စာတွင် သတ်မှတ်နှုန်းထားအတိုင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၂၈၄၄၃၀၂၊ ၀၂၄၀၆၀၀၅၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊**
**၂၈လမ်း၊ လမ်း ၇၀ ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားသွေးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန် လိုအပ်သည့် သွေးလှူဘဏ်သုံး ဓာတ်ခွဲဆေးပစ္စည်းများနှင့် Blood Management System တွင် အသုံးပြုသော Label နှင့် Ribbon များ ဒုတိယအကြိမ်တင်ဒါဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၄ -၁၁-၂၀၂၅ရက် (တနင်္လာနေ့) |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၈-၁၂-၂၀၂၅ရက်၊ (တနင်္လာနေ့) (၁၆ : ၀၀) နာရီ |

တင်ဒါပုံစံနှင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက် အလက်များ သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမျိုးသားသွေးဌာန**
**ရန်ကုန်**
**ဖုန်း-၀၁၈-၃၇၂၇၅၃**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၄၀၆၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1R/8724 Forland D/T(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဝင်း ၉/ပဘန(နိုင်)၁၆၇၆၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/98637 Lonxucn 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆန်းနွယ် ၅/စကန(နိုင်)၂၃၅၈၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/4317 Toyota Toyoace KM 75 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်စုထွေး ၉/ခအဇ(နိုင်)၀၁၄၉၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 20W/26857 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးလွင် ၉/ခမစ(နိုင်)၀၂၇၆၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးနိုင်ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

❖ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့်နေရာတွင် အခြားနိုင်ငံများ၏ကျင့်သုံးမှုပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို ဖော်ဆောင်ရန်အရေးကြီး...**

( ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၅)တွင် ပြောကြားသော ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**



KK Park နယ်မြေအပိုင်း(၁)တွင် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများအား မဖြိုဖျက်မီ တွေ့ရစဉ်။



KK Park နယ်မြေအပိုင်း(၁)တွင် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံအားလုံး ဖြိုချဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများ ထပ်မံဖြိုချဖျက်ဆီးပြီး တရားမဝင်ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များသည် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် KK Park နယ်မြေအတွင်းရှိ ခွင့်ပြုချက်မရှိဘဲဆောက်လုပ်ထားသော တရားမဝင်အဆောက်အအုံများအား ဝင်ရောက်ရှာဖွေရှင်းလင်းခြင်း၊ ဖြိုချဖျက်ဆီးခြင်းများနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလောင်းကစားမှုနှင့် လိမ်လည်မှုများ ကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံး ရှိသည့်အနက် ယနေ့တွင် ၁၁ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၂၁၇ လုံး ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင်အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆

## နယူးကာဆယ်က မန်စီးတီးကို အနိုင်ယူပြီး အိမ်ကွင်းနိုင်ပွဲ ခြောက်ပွဲဆက်ရှိလာ

ပရီမီယာလိဂ်ပွဲစဉ် (၁၂) မှ နိုဝင်ဘာ ၂၃ ရက် နံနက်အစောပိုင်းက စိန့်ဂျိမ်းစ်ပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် နယူးကာဆယ်နှင့် မန်စီးတီးအသင်းပွဲစဉ်တွင် နယူးကာဆယ်အသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

နယူးကာဆယ် အသင်းမှ တောင်ပံတိုက်စစ် ကစားသမား ဘားနက်စ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

*စာမျက်နှာ ၁၇ ကော်လံ ၁* ○



မန်စီးတီးအသင်းအတွက် ချေပဂိုးကို ရူဘင်ဒီယက်စ် သွင်းယူစဉ်။

## ဗိုမီးအမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

ဗိုမီးအမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး

*စာမျက်နှာ ၁၇ ကော်လံ ၅* ❖

**ယနေ့ သတင်းအညွှန်း**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ရောင်းချရ ပြည်တွင်းသတင်း စာ ၁၀

မလေးရှားမြောက်ပိုင်း၌ ရေကြီးမှုကြောင့် လူ ၅၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ် နိုင်ငံတကာသတင်း စာ ၁၄